# တမန်တော်ဝတ္ထု

သင်ခန်းစာ တစ်

တမန်တော် ဝတ္ထု၏ သမိုင်းနောက်ခံ

Manuscript

thirdmill
Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။  ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။  ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏

ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


**နိဒါန်း ... 1**

**ကျမ်းရေးသူ... 2**

**ရှင်လုကာ ခရစ်ဝင် ... 2**

တိုက်ရိုက်... 2

သွယ်ဝိုက်... 3

**ကနဦး အသင်းတော်သမိုင်း ... 5**

လက်ရေးစာမူများ ... 5

အသင်းတော် ခေါင်းဆောင်များ... 7

**ဓမ္မသစ် ... 9**

သဲလွန်စများ... 9

ရှင်လုကာ... 10

**သမိုင်း နောက်ခံ ... 11**

**ရေးသားချိန် ... 12**

အေဒီ ၇၀ နောက်ပိုင်းကာလ ... 12

အေဒီ ၇၀ မတိုင်မီ ရေးသားခြင်း အယူအဆ ... 13

**မူလပရိသတ် ... 15**

သော်ဖိလု... 15

ပိုမိုကျယ်ပြန့်သော ပရိသတ် ... 16

**လူမှုဆက်ဆံရေး အခြေအနေ ... 17**

ရောမ အင်ပါယာ ... 17

ယုဒလူများ... 19

**ဓမ္မပညာဆိုင်ရာ နောက်ခံ... 23**

**ဓမ္မဟောင်းကျမ်း ... 23**

သမိုင်း ... 23

ဣသရေလ ... 27

**ဘုရားသခင်၏ နိုင်ငံတော်... 31**

ယုဒ ဓမ္မပညာ ... 31

ဗတ္တိဇံဆရာ ယောဟန် ... 31

ခရစ်ယာန် ဓမ္မပညာ ... 33

**ရှင်လုကာခရစ်ဝင်ကျမ်း... 36**





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယေရှု ........ 37
တမန်တော်များ ........ 38
**နိဂုံး ........ 40**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

ကမ္ဘာကျော် ဂီတဆရာကြီး ဗီသိုဗင်အား ၎င်း၏ လုပကျွမ်းကျင်သော အဖွဲ့အနွဲ့များကြောင့် ကမ္ဘာတလွှား ယနေ့တိုင် အမှတ်ရနေဆဲ ဖြစ်သည်။ သူ့တေးဂီတ အောင်မြင်မှုများ အံ့ဖွယ်ကောင်းသလောက် သူငယ်စဉ်ကပင် အကြားအာရုံ ပိုမိုဆိုးဝါး ချို့တဲ့လာခဲ့သူ ဖြစ်ကြောင်း ကျွန်ုပ်တို့ ပြန်သိရသည့်အခါ သူ့လက်ရာတို့ကို သာ၍ တန်ဖိုးထားမိကြသည်။ အမှန်စင်စစ် ဗီသိုဗင် လုံးလုံး နားမကြားရတော့ချိန်ကျမှ သူ့ အအောင်မြင်ဆုံး လက်ရာများ ဖြစ်ထွန်းခဲ့ကြောင်း သိရခြင်းမှာ အံ့အားသင့်စရာ ကောင်းလှသည်။ ဗီသိုဗင် ဘဝနောက်ကြောင်းကို သိခြင်းက သူ့ဂီတကို ပို၍ တန်ဖိုးထားမိစေသည်။

သမ္မာကျမ်းစာကို တန်ဖိုးထားခြင်းနှင့် ဗီသိုဗင်ကို တန်ဖိုးထားခြင်းတို့သည် အရေးပါသော ရှုထောင့်များစွာအရ တူညီမှုရှိနေသည်။ သမ္မာကျမ်းစာစောင် အမျိုးမျိုးက ဘုရားသခင့် ဗျာဒိတ်တော်ကို ဆင့်ဆိုရာတွင် ၎င်းနှင့် အတူရှိခဲ့သည့် တန်ခိုးနှင့် ရှင်းလင်းပြတ်သားမှုကို တွေ့ရန် မခက်ခဲပါ။ သို့သော် သမ္မာကျမ်းစာရေးသူတို့၏ နောက်ခံသမိုင်း၊ သူတို့၏ လောက၊ အသက်တာနှင့် ရည်ရွယ်ချက်များအကြောင်း ကျွန်ုပ်တို့ သင်ယူသည့်အခါ ကျမ်းစာကို ကျွန်ုပ်တို့ သိနားလည် တန်ဖိုးထားမှုသည် များစွာ ပိုနက်ရှိုင်းလာသည်။

ဤသည်မှာ ကျွန်ုပ်တို့၏ *တမန်တော် ဝတ္ထု* သင်ခန်းစာ စာစဉ်ထဲက ပထမဆုံးသင်ခန်းစာဖြစ်သည်။ ဤစာစဉ်ထဲတွင် "တမန်တော်တို့၏ လုပ်ဆောင်ချက်များ" သို့မဟုတ် "လုပ်ဆောင်ချက်များ" ဟု အလွယ်ခေါ်ကြသည့် ဓမ္မသစ်စာစောင်ကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ ဤသင်ခန်းစာအား "တမန်တော်ဝတ္ထု၏ နောက်ခံသမိုင်း" ဟု ကျွန်ုပ်တို့ အမည်ပေးထားပြီး စာစောင်၏ သွန်သင်ချက်များကို ပိုမိုနက်ရှိုင်းစွာ နားလည် တန်ဖိုးထားနိုင်စေမည့် အခြေခံအကြောင်းအရာ အချို့ကို ကျွန်ုပ်တို့ စဉ်းစားကြပါမည်။

တမန်တော် ဝတ္ထု သမိုင်းနောက်ခံဆိုင်ရာ အရေးကြီး ရှုထောင့် သုံးခုကို ဤသင်ခန်းစာက ဆွေးနွေးပါမည်။ ပထမ ဦးစွာ မည်သူရေးကြောင်း ဆန်းစစ်ပါမည်။ ဒုတိယအားဖြင့် သမိုင်း အဆက်အစပ်ကို ကြည့်ပါမည်။ တတိယအားဖြင့် ဓမ္မပညာ နောက်ခံကို ဖော်ထုတ်ပါမည်။ မည်သူရေးကြောင်း နှင့် စကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ကျမ်းရေးသူ

ကျမ်းစာရှိသမျှနည်းတူ တမန်တော် ဝတ္ထုကိုလည်း ဝိညာဉ်တော် မှုတ်သွင်းရေးသားထားသည်။ သို့သော် ဘုရားသခင် မှုတ်သွင်းသည် ဆိုခြင်းကြောင့် လူသားကျမ်းရေးသူအပေါ် ကျွန်ုပ်တို့၏ အာရုံစိုက်မှု လျော့ပါး မသွားသင့်ပါ။ မူလပထမ ကျမ်းစာများ အမှားမရှိအောင် ဝိညာဉ်တော်က ထိမ်းသိမ်းခဲ့သော်လည်း ကိုယ်တော်သည် လူသားကျမ်းရေးသူတို့၏ ပုဂ္ဂိုလ်ရေး စရိုက်များ၊ နောက်ခံနှင့် ရည်ရွယ်ချက်များကို အသုံးပြုနေဆဲ ဖြစ်ခဲ့သည်။

တတိယမြောက် ခရစ်ဝင်ကျမ်းကို ရေးသူ ရှင်လုကာ ကပင် တမန်တော် ဝတ္ထုကို ရေးခဲ့ကြောင်း အစဉ်အလာအရ မှတ်ယူခဲ့ပြီး ဖြစ်သည်။ သို့သော် တတိယခရစ်ဝင်ကျမ်းဖြစ်စေ၊ တမန်တော် ဝတ္ထုကိုယ်တိုင်ဖြစ်စေ စာရေးသူ အမည်ကို အတိအကျ မဖော်ပြထားပေ။ ထို့ကြောင့် လုကာ ရေးခဲ့သည် ဆိုသည့် အစဉ်အလာ ခံယူချက်ကို အတည်ပြုနိုင်ရေး အကြောင်းပြချက်များအား ကျွန်ုပ်တို့ လေ့လာကြပါမည်။

တမန်တော် ဝတ္ထုရေးသူအား ရှုထောင့်သုံးခုမှ ဖော်ထုတ်ပါမည်။ ပထမအားဖြင့် တမန်တော် ဝတ္ထုကို ရှင်လုကာ ခရစ်ဝင်နှင့် နှိုင်းယှဉ်ကြည့်ကြပါမည်။ ဒုတိယအားဖြင့် ရှင်လုကာရေးကြောင်း ကနဦးအသင်းတော် သမိုင်း သက်သေတို့ကို ဖော်ထုတ်ကြပါမည်။ တတိယအားဖြင့် နှစ်အုပ်လုံးကို ရှင်လုကာရေးကြောင်း ပြသည့် အခြားသော ဓမ္မသစ် ရှုထောင့်များကို အကျဉ်းလေ့လာကြပါမည်။ ရှင်လုကာခရစ်ဝင်ထဲက တမန်တော် ဝတ္ထုရေးသူအကြောင်း ကျွန်ုပ်တို့ လေ့လာနိုင်သမျှကို ကြည့်ကြပါစို့။

## ရှင်လုကာ ခရစ်ဝင်

တမန်တော်နှင့် လုကာခရစ်ဝင်တို့ကို ယှဉ်ကြည့်သည့်အခါ လူတစ်ဦးတည်းက နှစ်အုပ်လုံး ရေးခဲ့ကြောင်း အခိုင်အမာ ပြဆိုသည့် တိုက်ရိုက် အထောက်အထားကိုရော စာစောင်များ၏ ရေးဟန်နှင့် ပါဝင် အကြောင်းအရာတို့က ပြသည့် သွယ်ဝိုက် အထောက်အထားကိုပါ ကျွန်ုပ်တို့ တွေ့ရသည်။ တိုက်ရိုက် အထောက်အထား ဖြင့် အစပြုကြပါစို့။

### တိုက်ရိုက်

တမန် ၁း၁ တွင်

> အို သော်ဖိလု၊ ယေရှု ပြုမူသွန်သင်တော် မူသမျှတို့ကို ထုတ်ဖော်၍ အထက်ကျမ်းစာကို ငါစီရင် ရေးထားပါပြီ (တမန် ၁း၁) ဟု ကျွန်ုပ်တို့ ဖတ်ရသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤစကားချီးတွင် စာရေးသူက သူ၏ "အထက်ကျမ်းစာ" ဟု ခေါ်ဆိုထားသဖြင့် တမန်တော် ဝတ္ထုသည် အနည်းဆုံး နှစ်အုပ်ပါသည့် အတွဲထဲက ဒုတိယအုပ် ဖြစ်သည်။။ "သော်ဖိလု" အမည်ရှိသူတဦးထံ ဤစာစောင်ကို ရေးခဲ့ကြောင်းကိုလည်း သူဖော်ပြခဲ့သည်။ ရှင်လုကာ ၁း၃-၄ ထဲက အလားတူ စကားချီးကို နားထောင်ကြည့်ပါ။

> ငါသည်လည်း ထိုအထ္ထုပ္ပတ္တိအလုံးစုံတို့ကို စေ့စေ့ ဖွေရှာ လိုက်စစ်ပြီးလျှင် ကိုယ်တော်သင်ပြီးသော အကြောင်းအရာတို့သည် ဧကန် အမှန်ဖြစ်ကြောင်းကို ကိုယ်တော်သိစေခြင်းငှာ အစဉ်အတိုင်း ရေးထား၍ ကြားလိုက်မည် အကြံရှိပါ၏၊ အလွန်မြတ်သော သော်ဖိလု (လုကာ ၁း၃-၄)။

တမန်တော်မှာလို ဤကျမ်းပိုဒ်သည် သော်ဖိလု ဟု ခေါ်သူတစ်ဦးကို ညွှန်းထားသည်။ သို့သော် စောစောပိုင်း စာစောင်တစ်ခုခုကို ရည်ညွှန်းချက်မျိုး မပါရှိပေ။

တမန်တော် နှင့် လုကာခရစ်ဝင် နှစ်အုပ်လုံးသည် သော်ဖိလုကို ရည်စူးသည်။ ရှေ့က တွေ့ခဲ့ပြီးဖြစ်သလို တမန်တော် ဝတ္ထုသည် "အထက်ကျမ်းစာ" ကို ဆိုလိုသည်။ ယင်း စာစောင်များကို ရေးသူသည် အနည်းဆုံး နှစ်အုပ်တွဲ တစ်အုပ်ကို ရေးခဲ့ကြောင်း၊ ရှင်လုကာခရစ်ဝင်က ပထမဖြစ်ပြီး တမန်တော် ဝတ္ထုက ဒုတိယ ဖြစ်ကြောင်း အဆိုပါ အချက်အလက်များက တိုက်ရိုက် အထောက်အထား အခိုင်အမာ ပေးနေကြသည်။ အမှန်အားဖြင့် အဆိုပါ စကားချီးနှစ်ခုအကြား ဆက်နွယ်မှုသည် နှစ်အုပ်တွဲ စာအုပ်မျိုးကို ရေးသည့်အခါ သုံးလေ့ရှိသည့် ရှေးစာပေ ဓလေ့ကို ထင်ဟပ်နေသည်။ ဥပမာအားဖြင့် ပထမရာစုနှစ် ယုဒ သမိုင်းဆရာ ဂျိုးဆီးဖပ်စ်သည် "အေပီယွန်ကို ဆန့်ကျင်၍" ဟူသော နှစ်အုပ်တွဲစာအုပ် ရေးခဲ့ရာ နှစ်အုပ်လုံးတွင် အလားတူ နိဒါန်းပျိုးများ ပါရှိသည်။

အဆိုပါ တိုက်ရိုက် အထောက်အထားများအပြင် တမန်တော်နှင့် ရှင်လုကာခရစ်ဝင်အကြား အရေးအသားတူညီနေပုံကို ပြသည့် သွယ်ဝိုက် ဆက်နွယ်မှုများလည်း ရှိနေသည်။

## သွယ်ဝိုက်

> တမန်တော် နှင့် လုကာ စာစောင်တို့ကို တစ်ဦးတည်းရေးခဲ့ကြောင်း အကြောင်းအချက်များစွာအရ ကျွန်ုပ်တို့ အစဉ် သိနားလည်ရသည်။ တဖက်တွင် လုကာ အဆုံးနှင့် တမန်တော် အစ အကြား ချောမွေ့သော ကူးပြောင်းမှု တစ်ခု ရှိနေသည်။ တဖက်တွင်မူ နှစ်အုပ်လုံး၌ ဆေးပညာ ဝေါဟာရများကို ဖောဖောသီသီ သုံးထားသဖြင့် ရေးသူသည် ပညာတတ် တစ်ဦး ဖြစ်ကြောင်း သိသာသည်။ ထိုမျှမက နှစ်အုပ်လုံးတွင် ပြောပြနေသည့် အရာများနှင့် စပ်လျဉ်းပြီး ဆယ်လီစိတ်နိုင်သည့် စွမ်းရည်ကို စိတ်ဝင်စားဖွယ် အသုံးချထားကြောင်း တွေ့ရသည်။ စာရေးသူ၏ တွေးခေါ် ပုံမှာလည်း အလားတူ ပုံစံ ရှိကြောင်း ထိုအချက်က ပြသသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**Rev. Arthur Denyer (ဘာသာပြန်ဆိုချက်)**

ဓမ္မသစ် ပညာရှင် များစွာက တူညီမှုများကို ထောက်ပြခဲ့ကြပြီး ဖြစ်သည်။ ယင်းတို့က ရေးသူ တစ်ဦးတည်းဖြစ်ကြောင်း ပြနေကြသည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့ တွေ့ပြီး ဖြစ်သလို လုကာ ၁း၃-၄ တွင် စာရေးသူသည် အရင်းအမြစ်အမျိုးမျိုးကို စိစစ်ဖွေရှာပြီး သော်ဖိလု သို့ ရည်စူးကာ အစဉ်အတိုင်း ကြားပြောခဲ့ကြောင်း ဖော်ပြထားသည်။ သို့ဖြစ်ပါက ရှင်လုကာ ခရစ်ဝင်နှင့် တမန်တော် ဝတ္ထုပါ အကြောင်းအရာတို့ကို တူညီသည့်ပုံစံများဖြင့် မည်သို့ စီစဉ်ပုံသွင်းထားကြောင်း ပညာရှင်အများက သတိထားမိကြသည်မှာ ကျွန်ုပ်တို့ အတွက် အံ့သြဖွယ် မရှိပါ။

စာစောင်များကို ပြုစု ဖွဲ့စည်းထားရာတွင်လည်း တူညီမှုများစွာ ရှိနေသည်။ နှစ်အုပ်လုံးသည် အခန်းဆက်ပုံစံဖြင့် ရှေ့ဆက်သည်။ နှစ်အုပ်လုံးသည် အကြမ်းဖျင်းအားဖြင့် အတိုင်းအတာတူပြီး တစ်ခုစီသည် စံကျမ်းစာလိပ် အရွယ် ဝင်ဆန့်သည်။ ထို့မျှမက တစ်အုပ်ချင်းစီတွင် ကာလအစဉ် အတိုင်းအရှည် တူညီကြသည်။ လုကာနှင့် တမန်တော် နှစ်အုပ်လုံးက လွှမ်းခြုံကာမိသော နှစ်ကာလ အတိုင်းအရှည်မှာ အကြမ်းအားဖြင့် တူညီကြသည်။

ထို့မျှမက နှစ်အုပ်လုံး၌ တူညီသော အာဘော်များလည်း ရှိကြသည်။ သာဓက တစ်ခုကို ကြည့်ပါ။ ရှင်လုကာ ခရစ်ဝင်သည် ယုဒဘုရင်တို့ နန်းထိုင်အုပ်စိုးရာ၊ ယုဒဘာသာ၏ မင်းနေပြည်တော် ယေရုရှလင်တွင် အဖမ်းဆီးခံ၊ ဆင်းရဲခံ၊ အသေခံပြီးနောက် အောင်ပွဲဆီ ဦးတည်သည့် ယေရှု ခရီးစဉ်နှင့် အထွတ်အထိပ်ရောက်သည်။ ထိုနည်းတူ တမန်တော် ဝတ္ထုသည်လည်း တမန်တော် ပေါလု အဖမ်းခံ၊ စစ်ကြောခံ၊ ဆင်းရဲခံရမည့် ခရီးစဉ်နှင့် နိဂုံးချုပ်ပြီး ကမ္ဘာ့ အင်ပါယာ၏ မြို့တော် ရောမတွင် ခရစ်တော်၏ အောင်မြင်ခြင်း သတင်းကောင်း ဆင့်ဆိုမှုနှင့် အဆုံးသတ်ထားသည်။

အဆိုပါ နှစ်အုပ်လုံးသည် လုကာခရစ်ဝင်ထဲ အစဖော်ထားသော မျှော်လင့်ချက်တို့ တမန်တော် ဝတ္ထုထဲ ပြည့်စုံခြင်းသို့ ရောက်ရှိရာ ဇာတ်ကြောင်း တစ်ခုတည်း၏ အစိတ်အပိုင်းများ ဖြစ်ကြသည်။ သာဓကအားဖြင့် ယေရှုသည် တပါးအမျိုးသားတို့ လင်းစရာဖြစ်ကြောင်း သစ္စာရှိသော ရှိမုန်က လုကာခရစ်ဝင် အစပိုင်း၌ ကြေညာခဲ့သည်။ လုကာ ၂း၃၀-၃၂ တွင် ရှိမုန်က

> ကိုယ်တော်၏လူ ဣသရေလအမျိုးကို ချီးမြှောက်စေခြင်းငှါ၎င်း၊ တပါးအမျိုးသားတို့ကို လင်းစေခြင်းငှာ၎င်း၊ လူအမျိုးမျိုးတို့ရှေ့မှောက်၌ ပြင်ဆင်တော်မူသောအလင်းတည်းဟူသော ကယ်တင်သောသခင်ကို အကျွန်ုပ်သည် ကိုယ်မျက်စိနှင့်မြင်ရပါ၏ဟု မြွက်ဆို၍ (လုကာ ၂:၃၀-၃၂) ဟု ဆိုခဲ့သည်။

လုကာကျမ်းထဲက ယေရှု၏ အမှုတော်သည် ဘုရားသခင့် ကယ်တင်ခြင်းနှင့် ဣသရေလသို့ ပေးသော ကတိတော်တို့အကြောင်း ရှင်းပြသည်။ သို့သော် တမန်တော် ဝတ္ထုမှာသာလျှင် ဘုရားသခင့် ကယ်တင်ခြင်းသည် "လူအမျိုးမျိုးတို့ ရှေ့မှောက်၌ ပြင်ဆင်တော်မူသော အလင်း" အဖြစ် အမှုဆောင်ကြောင်း လေးနက်ထူးခြားသော ပုံစံများဖြင့် ကျွန်ုပ်တို့ တွေ့ရသည်။ ယင်းတို့နှင့်တကွ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အခြားသော ဆင်တူမှုများက စာ နှစ်အုပ်အကြား ရွေးနုတ်ခြင်း သမိုင်းကြောင်း ဆိုင်ရာ ရှုပါရုံ တူညီမှုကိုငင်း၊ ရည်ရွယ်ချက်နှင့် ယုံကြည်ချက် တူညီမှု သဘောကိုငင်း ညွှန်ပြနေသည်။ ထို့ကြောင့် နှစ်အုပ်လုံးကို တစ်ဦးတည်းက ရေးခဲ့ကြောင်း အဆိုပါ ဆင်တူမှုတို့က ပြနေကြသည်။

> တတိယ ခရစ်ဝင်ကို ရေးသူ ရှင်လုကာသည် တမန်တော် ဝတ္ထုကိုပါ ရေးခဲ့ကြောင်း အကြောင်းပြချက် မျိုးစုံ ရှိနေသလို ထိုသို့ယုံကြည်ရန်လည်း သင့်နေသည်။ ဥပမာအားဖြင့် လုကာခရစ်ဝင်နှင့် တမန်တော်ဝတ္ထု စာနှစ်အုပ်တို့အကြား စာရေးဟန်သည် သဒ္ဒါအသုံးအနှုန်းများထိတိုင် ဆက်လက်တူညီနေသည်။ သို့သော် အခိုင်မာဆုံးဟု ဆိုနိုင်သည်မှာ စာရေးသူသည် ရှေ့တွင် သူရေးခဲ့သောစာ သို့မဟုတ် အထက်ကပြီးခဲ့သည့် အလုပ်၊ ယေရှု အကြောင်းရှေ့က ပြုစုခဲ့သည့် မှတ်တမ်းကို ဖော်ပြပြီးသည့်နောက်မှ သော်ဖိလု ဆိုသည့် အမည်ကို တမန်တော် ဝတ္ထု အစပိုင်း၌ တိုက်ရိုက် ဖော်ပြသည့် အချက်ဖြစ်သည်။
>
> **Dr. Richard L. Pratt, Jr.**

ရှင်လုကာနှင့် တမန်တော်ဝတ္ထုတို့ကို တစ်ဦးတည်းက ရေးခဲ့ကြောင်း အထောက်အထားအချို့ကို ကျွန်ုပ်တို့ လေ့လာခဲ့ပြီး ဖြစ်၍ ကနဦးအသင်းတော်က ပြောသည့် အထောက်အထားကိုလည်း ကျွန်ုပ်တို့ ကြည့်ကြပါမည်။

## ကနဦး အသင်းတော်သမိုင်း

ကနဦး အသင်းတော် အထောက်အထားကို ပုံစံနှစ်မျိုးဖြင့် အကျဉ်း လေ့လာကြပါမည်။ ပထမအားဖြင့် ကျမ်းစာအကြောင်း ပြောဆိုရေးသားထားကြသည့် အစောပိုင်းလက်ရေးစာမူ အချို့ကို ကြည့်ကြပါမည်။ ဒုတိယအားဖြင့် လုကာရေးခဲ့ကြောင်း ကနဦး အသင်းတော် ခေါင်းဆောင်များ၏ ဖော်ပြချက်တို့ကို လေ့လာကြပါမည်။ ရှေး လက်ရေးစာမူ အချို့ကပေးသော အထောက်အထားနှင့် စကြပါစို့။

### လက်ရေးစာမူများ။

အေဒီ နှစ်ရာစုမှ လေးရာစုထိ ကနဦး အသင်းတော်နှင့် ဆက်စပ်ခဲ့သည့် လက်ရေးစာမူ အတော်များများက ပေါလု၏ ခရီးသွားဖော် လုကာသည် တမန်တော်နှင့် လုကာခရစ်ဝင် နှစ်အုပ်လုံးကို ရေးခဲ့ကြောင်း သက်သေခံထားကြသည်။ လက်ရေးစာမူ အမှတ် ၇၅ ဟု ရည်ညွှန်းထားသည့် အလွန်ရှေးကျသော လက်ရေး စာမူတစ်ခုကို ၁၉၅၂ ခုနှစ် အီဂျစ်ပြည်တွင် ရှာတွေ့ခဲ့သည်။ ပေရွက်ပေါ် ရေးထားသဖြင့် ရှေးအကျဆုံး ဓမ္မသစ် လက်ရေးမူ အထောက်အထား အချို့ပါရှိသည်။ ၎င်းအား အေဒီ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

၁၇၅ နှင့် ၂၂၅ အကြား ကူးယူခဲ့ပုံရပြီး ရှင်လုကာနှင့် ရှင်ယောဟန် ခရစ်ဝင်ကျမ်း အများစု ပါဝင်သည်။ ခရစ်ဝင်ကျမ်း နှစ်ခု၏ ကျမ်းစာသားများ အကြားတွင် ပါဝင်အကြောင်းအရာနှင့် စပ်လျဉ်းသည့် ဖော်ပြချက် နှစ်ခု ပါရှိသည်။ ရှင်လုကာ ခရစ်ဝင်ကို နိဂုံးချုပ်ရာ၌ လက်ရေးမူသည် ရှင်လုကာ ခရစ်ဝင် ဟူသည့် *euangelion kata Loukan* (εὐαγγέλιον *κατά Λουκᾶν*) စာသားများ ပါရှိသည်။ ချက်ချင်းဆိုသလို အဆိုပါ စာများနောက်တွင် ရှင်ယောဟန် ခရစ်ဝင် ဟူသည့် *euangelion kata Ioannan* (εὐαγγέλιον *κατά Ἰωάνναν*) ဖော်ပြချက် ပါရှိသည်။ "ရှင်လုကာခရစ်ဝင်" ဆိုသည့် စာများ၏ ရှေ့မှာလာခဲ့သည့် ရေးသားချက်အား ရှင်လုကာ ခရစ်ဝင်အဖြစ် သတ်မှတ်ခဲ့ကြောင်း အဆိုပါ သတိပေးချက်များက ညွှန်ပြနေသည်။ ဤလက်ရေးမူအထောက်အထားအရ အလွန် စောစီးသည့်ကာလကပင် တတိယမြောက် ခရစ်ဝင်ကျမ်းကို ရှင်လုကာရေးသည်ဟု ယုံကြည်ခဲ့ကြောင်း ညွှန်ပြနေသည်။ ထိုမှတဆင့် ၎င်းသည် ရှင်လုကာအား တမန်တော် ဝတ္ထု ရေးသူအဖြစ် ဆက်ညွှန်ပြသည်။

ဒုတိယအားဖြင့် အေဒီ ၁၇၀-၁၈၀ အချိန်ခန့်က ရေးခဲ့သည့် မူရေတိုရီယန်း လက်ရေးမူ အစိတ်အပိုင်း သည် ဓမ္မသစ် ကျမ်းရင်း အဖြစ် ကနဦး အသင်းတော်က ယူဆသည့် ကျမ်းစာစောင်များ စာရင်းကို အစောဆုံး ဖော်ပြသော အထောက်အထား ဖြစ်သည်။ ရှင်လုကာ ခရစ်ဝင်ကို ရှင်လုကာ ရေးခဲ့ကြောင်း အတည်ပြုပြီးသည့်နောက် ရှင်လုကာ ခရစ်ဝင်ကျမ်းကပင် တမန်တော် ဝတ္ထုရေးသူသည် ရှင်လုကာဖြစ်ကြောင်း ရှင်းရှင်း ပြညွှန်သည်။ စာကြောင်းရေ ၃၄ မှ ၃၆ အတွင်း ကျွန်ုပ်တို့ ဖတ်ရသည့် စာသားများမှာ

> "ထပ်၍ ဆိုရလျှင် တမန်တော်ရှိသမျှ၏ လုပ်ဆောင်ချက်တို့ကို စာတစ်အုပ်တည်းဖြင့် ရေးသားထားခဲ့သည်။ သူ့မျက်မြင် ဖြစ်ပျက်ခဲ့သမျှ အဖြစ်အပျက်တစ်ခုစီကို လုကာက စီကုံးပြုစုခဲ့သည်" ဟူ၍ ဖြစ်သည်။

တမန်တော် ဝတ္ထုကို လုကာရေးခဲ့ပြီး ထိုအထဲ ဖော်ပြထားသည့် အဖြစ်အပျက်အချို့ကို အနည်းဆုံး လုကာ မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့ကြောင်း အေဒီ ၂ ရာစုတွင် ကျယ်ကျယ်ပြန့်ပြန့် ယုံကြည်ခဲ့ပုံကို ဤဖော်ပြချက်က ညွှန်ပြသည်။

တတိယအားဖြင့် အေဒီ ၁၆၀-၁၈၀ ဝန်းကျင်တွင် ရေးသည့် "မာဆီယွန် ဝါဒကို ဆန့်ကျင်သည့် နိဒါန်း " ဟု ခေါ်သည့် တတိယခရစ်ဝင် နိဒါန်းသည် လုကာခရစ်ဝင်နှင့် တမန်တော် ဝတ္ထု ရေးသူနှင့် ပတ်သက်ပြီးယခုလို ဖော်ပြသည်။

> သန့်ရှင်းသော ဝိညာဉ်တော်၏ တိုက်တွန်းမှုအောက်တွင် ရှင်လုကာသည် ခရစ်ဝင် တကျမ်းလုံးကို ပြုစုခဲ့သည်။ ထို့နောက်တွင် ထိုရှင်လုကာကပင် တမန်တော်တို့၏ လုပ်ဆောင်ချက်တို့ကို ရေးခဲ့သည်။ ထို့ကြောင့် မည်သည့် အချိန်ဟု ကျွန်ုပ်တို့ သေချာမသိရသော်လည်း အေဒီ ဒုတိယ ရာစုနှစ် နှောင်းပိုင်း သို့မဟုတ် တတိယရာစုနှစ် စောစောပိုင်းခန့်တွင် ခရစ်ဝင်ကျမ်းလေးကျမ်းထဲက



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သုံးကျမ်းမှာ အလွန်တိုတောင်းသော နိဒါန်းချီမှုများ ရှိခဲ့ကြသည်။ ယင်းတို့အား မာဆီယွန် ဝါဒကို ဆန့်ကျင်သည့် နိဒါန်းများ ဟု ကျွန်ုပ်တို့ ခေါ်ဆိုကြသည်။ အမှန်စင်စစ် ရေပန်းအစားဆုံး တစ်ခုမှာ လုကာခရစ်ဝင်၏ နိဒါန်းဖြစ်ပြီး "တမန်တော်များ၏ ပြုမူလုပ်ဆောင်ချက်များ" ဆိုသည့် နာမည်နှင့် ရှင်လုကာသည် စာရေးသူ ဖြစ်သည် ဆိုသည့် အကြောင်းတို့ကို ပထမဆုံး ဖော်ပြသည့် နိဒါန်းလည်း ဖြစ်သည်။ ၎င်းရေးသားချိန် ကို ဒုတိယ ရာစုနှစ်ကုန်လောက် သတ်မှတ်နိုင်ပါက ရှင်လုကာသည် စာရေးသူဖြစ်ပြီး "တမန်တော်တို့၏ ပြုမူလုပ်ဆောင်ချက်များ" ဆိုသည့် ခေါင်းစဉ် ပေးခဲ့ကြောင်း အစောဆုံး အထောက်အထား ကျွန်ုပ်တို့မှာ ရှိနေပြီ ဖြစ်သည်။
>
> **Dr. Gregory R. Perry**

ဤစောစီးသည့် လက်ရေးမူ အထောက်အထားအပြင် တတိယ ခရစ်ဝင်နှင့် တမန်တော် ဝတ္ထုတို့ကို လုကာရေးခဲ့ကြောင်း ညွှန်ပြသည့်  ကနဦး အသင်းတော် ခေါင်းဆောင်များ၏ သက်သေခံချက်လည်း ကျွန်ုပ်တို့မှာ ရှိပါသေးသည်။

## အသင်းတော် ခေါင်းဆောင်များ

အေဒီ ၁၃၀-၂၀၂ အတွင်း အသက်ရှင်ခဲ့သော အသင်းတော်ဖခင် Irenaeus သည်လည်း တတိယ ခရစ်ဝင်ကျမ်းကို ရှင်လုကာရေးကြောင်း ယုံကြည်ခဲ့သည်။ သူ၏ "မိစ္ဆာအယူတို့ကို ဆန့်ကျင်၍" ဆိုသည့် စာစောင် အမှတ် ၃၊ အခန်း ၁ တွင်

> "ပေါလု၏ အပေါင်းအဖော် လုကာသည်လည်း ပေါလုဟောပြောသော သတင်းကောင်းကို စာအုပ်ထဲ မှတ်တမ်းတင်ခဲ့သည် ဟု ရေးခဲ့သည်။

ဤနေရာတွင်  Irenaeus သည် တမန်တော် ဝတ္ထုအား " ပေါလုဟောသော သတင်းကောင်းကို မှတ်တမ်းတင်သည့်" စာအုပ်အဖြစ် ရည်ညွှန်းခဲ့သည်။ သူ့စကားများသည် အရေးပါသည်။ အကြောင်းမှာ ခိုင်ခံ့သော သမိုင်းအထောက်အထားများအရ တမန်တော်ကို ရေးသူသည် လုကာ ဖြစ်သည် ဆိုသည်နှင့် စပ်လျဉ်းသော ကိုယ်တွေ့ဗဟုသုတမျိုးကို Irenaeus ရခဲ့ကြောင်း ညွှန်ပြနေသည်။

အေဒီ ၁၅၀-၂၁၅ ဝန်းကျင် အသက်ရှင်ခဲ့သော အလက်ဇန်းဒရီးယား မြို့သား ကလေမင် သည်လည်း တမန်တော်ရေးသူသည် ရှင်လုကာ ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ စာစောင် အမှတ် ၅၊ အခန်းကြီး ၁၂ ပါ *စထရိုမာတာ* သို့မဟုတ် "အသေးအဖွဲ ကိစ္စရပ်များ" ဆိုသည့်အထဲတွင်

> "အချင်း အေသင်လူတို့၊ အရာရာတို၌ သင်တို့သည် အလွန်ပင် အယူသည်းလွန်းသည်ဟု ကျွန်ုပ်မြင်ပါ၏" ဟူ၍ ပေါလုဆိုခဲ့ကြောင်း



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> တမန်တော်တို့၏ ပြုမူလုပ်ဆောင်မှု စာအုပ်ထဲတွင် လုကာ ပြောပြသည်ဟု ရေးခဲ့သည်။

အေဒီ ၁၅၅-၂၃၀ ခန့်တွင် အသက်ရှင်ခဲ့သော တာတူလျံသည်လည်း "မာဆီယွန်ဝါဒကို ဆန့်ကျင်၍" စာစောင် အမှတ် ၄၊ အခန်း ၂ တွင် ယခုလို ရေးသားခဲ့သည်-

> ထို့ကြောင့်၊ ယောဟန်နှင့် မဿဲတို့သည် ကျွန်ုပ်တို့အား ရှေးဦးစွာ ယုံကြည်ခြင်းပြုစုပျိုးထောင်ခဲ့ကြသည်...ထိုနောက်မှ လုကာနှင့် မာကုတို့သည် အသစ်ပြုပြင်ပေးကြသည်။

ဤနေရာတွင် တာတူလျံက တတိယ ခရစ်ဝင်ကျမ်းကို လုကာရေးကြောင်း အတိအကျ မှတ်ယူခဲ့သည်။

အေဒီ၃၂၅ ဝန်းကျင်က အသက်ရှင်ခဲ့သော ထင်ရှားသည့် အသင်းတော် သမိုင်းဆရာကြီး ယူဆီးဘီးယပ်စ်ကလည်း သူ၏ *အသင်းတော် သမိုင်း* စာစောင် အမှတ် ၁၊ အခန်း ၅၊ အပိုင်း ၃ ထဲတွင် ရှင်လုကာအား တမန်တော် ဝတ္ထုရေးသူအဖြစ် ညွှန်းခဲ့သည်။ ထိုနေရာတွင် သူက

> "တမန်တော် ဝတ္ထုထဲတွင် (သန်းခေါင်စာရင်းအကြောင်း) ရှင်လုကာ၏ ဖော်ပြချက် ပါရှိခဲ့သည်" ဟု ရေးခဲ့သည်။

ထိုအခိုင်အမာ ဖော်ပြချက်မျိုးများသာမက ရှင်လုကာအား တမန်တော်တစ်ဦးအဖြစ် မည်သည့်အခါကမျှ မသတ်မှတ်ခဲ့စေကာမူ တတိယခရစ်ဝင်နှင့် တမန်တော် ဝတ္ထုတို့ကို ရှင်လုကာမှအပ အခြားသူတစ်ဦးဦး ရေးခဲ့ကြောင်း ကနဦးအသင်းတော် စာပေများထဲတွင် ပြည္ဆန်ချက် တစ်ခုမျှပင် မရှိသည်မှာ စိတ်ဝင်စားဖွယ် ဖြစ်သည်။ ထိုသို့သော သဲလွန်စများကြောင့် ကနဦးအသင်းတော်သည် ရှင်လုကာကို စာရေးသူအဖြစ် လုပ်ဇာတ်မခင်းခဲ့ကြောင်း၊ အဆိုပါ ကျမ်းနှစ်စောင်လုံး ရှင်လုကာ ရေးခဲ့သည်ကို သမ္မာတရားအဖြစ် ခံယူခဲ့သည့်အတိုင်း လက်ဆင့်ကမ်းခြင်းကိုသာ ပြုခဲ့ကြောင်း ကျွန်ုပ်တို့ ယုံကြည်နိုင်ပါသည်။

ဤမျှအထိဆိုပါက ရှင်လုကာခရစ်ဝင်နှင့် နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် တမန်တော်ဝတ္ထုကို ရှင်လုကာရေးကြောင်း အတည်ပြုနိုင်သည့် အထောက်အထားကို ကျွန်ုပ်တို့ အခိုင်အမာ တွေ့ခဲ့ကြပြီး ဖြစ်သည်။ ထို့မျှမက ကနဦးအသင်းတော်ကလည်း လုကာသည် နှစ်အုပ်လုံးကို ရေးခဲ့ကြောင်း သက်သေခံထားသည်။ ယခုတွင် ရှင်လုကာရေးကြောင်း ပြဆိုသည့် ဓမ္မသစ် အခြား အပိုင်းကဏ္ဍများကိုလည်း ကြည့်ကြပါမည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# စမွသစ်

အမည်မသိ စာရေးသူအကြောင်း ဓမ္မသစ်ကပေးသော သဲလွန်စအချို့ကို ကျွန်ုပ်တို့ မှတ်သားကြပါမည်။ ထို့နောက် အဆိုပါသဲလွန်စများနှင့် လုကာကိုယ်တိုင်၏ အကြောင်း ကျွန်ုပ်တို့သိထားသမျှနှင့် နှိုင်းယှဉ်ကြည့်ကြပါမည်။ စာရေးသူ အကြောင်း သဲလွန်စများကို ဦးစွာ ကြည့်ကြပါစို့။

## သဲလွန်စများ

ကျွန်ုပ်တို့ ပြောခဲ့သလို တမန်တော် ဝတ္ထုကို ရေးသူသည် သူ မည်သူမည်ဝါ ဖြစ်ကြောင်း အမည်နှင့်တကွ ဖော်ပြခဲ့ခြင်း မရှိပါ။ သိသာသည်မှာ သူ့စာဖတ် လူကြီးမင်း သော်ဖိလုအတွက်ကြောင့် သူ့ကိုယ်သူ အမည်ဖော်ပြစရာမလိုဟု သူခံစားသည်။ လုကာ ၁း၃ တွင် "အစဉ်အတိုင်းရေးထား၍ ကြားလိုက်မည် ရှိပါ၏" ဟုသာ သူဆိုခဲ့သည်။ တမန်တော် ၁း၁ တွင် "အထက်ကျမ်းစာကို ငါစီရင်ရေးထားပါပြီ" ဟု သူဆိုခဲ့သည်။ သူမည်သူဖြစ်ကြောင်း သူ့စာဖတ် လူကြီးမင်း သိပြီးသားဟု သူယူဆထားသည်။ ၎င်းအရာသည် သော်ဖိလုအတွက် ပြဿနာမရှိသော်လည်း ယနေ့ ပရိသတ်တို့အတွက် မေးခွန်းများစွာ ဖြစ်ပေါ်စေသည်။ တချို့တည်းမှာပင် ကျွန်ုပ်တို့၏ စာရေးသူ မည်သူဖြစ်ကြောင်း ဓမ္မသစ်က ပြောပြသောအရာ များစွာ ရှိသည်။

ပထမ၊ သူသည် တမန်တော်တစ်ဦးမဟုတ်ပါ။ အမှန်စင်စစ် သူသည် ယေရှု ကောင်းကင်တက်ကြွပြီးနောက် ယုံကြည်ပြောင်းလဲလာခဲ့သူ ဖြစ်နိုင်သည်။ လုကာ ၁း၁-၂ ပါ အသေးစိတ်များကို နားထောင်ကြည့်ပါ။

> ရှေ့ဦးစွာမှ စ၍ ကိုယ်တိုင်မြင်သော သက်သေဖြစ်လျက် နှုတ်ကပတ်တော်မှုကို ဆောင်ရွက်သောသူတို့သည် ငါတို့တွင် ထင်ရှားစွာ ဖြစ်လေပြီးသော အတ္တုပ္ပတ္တိများကို ငါတို့အား ကြားပြောသည် အစဉ်အတိုင်း မှတ်သားသော စာကို စီရင်ရေးထားသောသူ အများရှိခဲ့ကြပြီး ဖြစ်သည်။

ယေရှုသက်တော်စဉ် အဖြစ်အပျက်တို့ကို "ငါတို့အားကြားပြောခဲ့ကြသည်" ဟု စာရေးသူက ပြောသည့်အခါ ယေရှုဘဝကို သူ ကိုယ်တိုင်မတွေ့ခဲ့ကြောင်း ညွှန်ပြသည်။

ဒုတိယအားဖြင့် တမန်တော်ဝတ္ထုနှင့် ရှင်လုကာ ခရစ်ဝင်တို့၏ ဂရိ အရေးအသားများက စာရေးသူသည် ပညာတတ်တစ်ဦး ဖြစ်ကြောင်း ညွှန်ပြသည်။ ဓမ္မသစ်ကျမ်းထဲမှ စာအုပ်များစွာကို ရွက်ကြမ်းရေကြို ဂရိစကားဖြင့် ရိုးရိုးသာ ရေးထားသည်။ သို့သော် လုကာခရစ်ဝင်နှင့် တမန်တော် ဝတ္ထုတို့၏ အရေးအသားတို့မှာမူ အဆင့်မြင့်သည်။

တတိယအားဖြင့် စာရေးသူသည် ရှင်ပေါလုနှင့် အနီးကပ် ခရီးသွားဖော်ဖြစ်ကြောင်း တမန်တော်ဝတ္ထု ဒုတိယပိုင်းက ပြညွှန်သည်။ တမန်တော်ဝတ္ထု အစောပိုင်း အခန်းကြီးများရှိ ဇာတ်ကြောင်းများ၌ သူ/ သူတို့ ဟူ၍ အစဉ်တစိုက် ဖော်ပြသည်။ သို့သော် တမန်တော် ၁၆ မှ စ၍

ဇာတ်ကြောင်း၌ "ငါတို့သည်" "ငါတို့အား" စသည့် မိမိကိုယ်ကို ညွှန်းသည့် စကားလုံးများကို သုံးစွဲသည်။ တမန်တော် ၁၆း၁၀-၁၇၊ ၂၀း၅-၁၅၊ ၂၁း၁-၁၈၊ ၂၇း၁-၂၈း၁၆ တို့တွင် ဤအရေးအသားပုံစံကို ကျွန်ုပ်တို့တွေ့ရသည်။ ပေါလု၏ နောက်ပိုင်း သာသနာပြု ခရီးစဉ်အတွင်းနှင့်ကဲသရိ မှ ရောမသို့ ပေါလုသွားသော ခရီးစဉ်၌ စာရေးသူ လိုက်ပါခဲ့ကြောင်း အဆိုပါ ကျမ်းချက်တို့က ပြနေသည်။

ယခုတွင် စာရေးသူအကြောင်း ဓမ္မသစ် သဲလွန်စ အချို့ ကျွန်ုပ်တို့ မှာ ရှိနေပြီ ဖြစ်သည်။ အဆိုပါ အသေးစိတ်အချက်အလက်တို့သည် လုကာနှင့် မည်သို့ ကိုက်ညီပါသနည်း။

## ရှင်လုကာ

လုကာခရစ်ဝင်နှင့် တမန်တော် ဝတ္ထုရေးသူတို့အကြောင်း ကျွန်ုပ်တို့သိထားသမျှ အရာတို့ကို နောက်တစ်ကြိမ်လေ့လာပြီး ရှင်လုကာအကြောင်း ကျွန်ုပ်တို့ သိသမျှနှင့် တိုက်ဆိုင်ကြည့်ကြပါစို့။

ပထမအားဖြင့် သူသည် တမန်တော်တစ်ဦးမဟုတ်ပါ။ တမန်တော်များသည် အသင်းတော်ကို အုတ်မြစ်ချရာတွင် ခရစ်တော်ကိုယ်စားပြု အနိူင်းမဲ့ အခွင့်အာဏာကို သုံးကာ အစေခံခဲ့ကြသည်။ အသင်းတော်ကို သူတို့ ထူထောင်ခဲ့ကြပြီး လမ်းမှား မရောက်အောင်၊ ဒုက္ခ မရောက်အောင် ကာကွယ်ခဲ့ကြသည်။ တမန်တော် ၁း၂၁ နှင့် ၂၂ တို့အရ တမန်တော်များကို ယေရှုကိုယ်တိုင် လေ့ကျင့်ပျိုးထောင်ပေးခဲ့သည်။ သို့သော် ရှင်လုကာသည် ယေရှုကို တစ်ကြိမ်မျှ ကိုယ်တိုင် ကိုယ်ကျ မတွေ့ခဲ့ဖူးပေ။ တမန်တော်တို့သာ ပိုင်ဆိုင်အပ်သော အခွင့်အာဏာပုံစံမျိုးရှိကြောင်းကိုလည်း မည်သည့်အခါမျှ သူ မပြောခဲ့ဖူးပေ။ ထိုအစား သူသည် ရှင်ပေါလု၏ တမန်တော် အခွင့်အာဏာအောက်တွင် ရှင်ပေါလု၏ သာသနာပြုရေး ကြိုးပမ်းချက်များကို ထောက်ကူသူ သစ္စာရှိ အသင်းသား တစ်ဦးမျှသာ ဖြစ်သည်။ ဖိလေမုန် ၂၄ တွင် ပေါလု ဖော်ပြထားခဲ့သလို သူသည် တမန်တော်၏ "လုပ်ဖော်ဆောင်ဖက်" တစ်ဦး ဖြစ်သည်။

ဒုတိယအားဖြင့် ရှင်လုကာသည် ပညာတတ်တစ်ဦး ဖြစ်ဖွယ်ရှိသည်။ ရှင်ပေါလုက ကော ၄း၁၄ တွင် ရှင်လုကာအား ဆေးသမား ဟု ဖော်ပြထား၍ ထိုသို့ ဆိုနိုင်ခြင်း ဖြစ်သည်။ ဓမ္မသစ်ခေတ်တွင် ဆေးဝါးသည် ယနေ့ခေတ်ကဲ့သို့ တရားဝင်ပညာရပ်တစ်ခုမဟုတ်သော်လည်း၊ ကျွမ်းကျင်မှု၊ တတ်မြောက်မှုနှင့် သင်ကြားခံယူထားသည့် ပညာမျိုး ရှိရန် လိုအပ်သည်။

တတိယအားဖြင့် ရှင်လုကာသည် ရှင်ပေါလု၏ ခရီးသွား အဖော်အဖက် ဖြစ်သည်။ ကောလောသဲ ၄း၁၄၊ ၂ တိမောသေ ၄း၁၁၊ ဖိလေမုန် ၂၄ တို့တွင် ရှင်လုကာသည် သူနှင့် အတူ ခရီးသွားခဲ့ကြောင်း တမန်တော် ပေါလုက ဖော်ပြခဲ့သည်။

> ရှင်လုကာသည် ရှင်ပေါလု ပြုပြုသမျှ အရာအားလုံး၏ မျက်မြင်သက်သေ တစ်ဦးပင်ဖြစ်သည်။ ရှင်ပေါလု အကျဉ်းခံနေစဉ် "လုကာ တစ်ယောက်တည်းသာ ငါ့ထံမှာ ရှိ၏" ဟု ဆိုထားသည်။ ထို့ကြောင့် ထိုသို့ သူပြောခြင်းသည် ပေါလုနှင့် အတူ ရှိခဲ့သည့် လူတစ်ယောက် ရှိကြောင်း၊ ထိုသူသည် ပေါလုနှင့် အလုပ်တွဲလုပ်ခဲ့ပြီး ပေါလုနှင့် အတူရှိသည့် အထောက်အထားဖြင့်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> စာရေးခဲ့ကြောင်း ကျွန်ုပ်တို့အား ထဲထဲဝင်ဝင် နားလည်စေသည်။ ပေါလုကို မသိသူ တစိမ်းတရံ တစ်ဦးက ဤပုံစံ ရေးဖို့ မဖြစ်နိုင်ပါ။ သို့သော် ရှင်လုကာသည် ရှင်ပေါလုနှင့် အတူရှိခဲ့သဖြင့်သာ ဤပုံစံမျိုး ရေးခဲ့သည်။ "သူ" အဖြစ် သုံးနှုန်းခဲ့သလို "ငါ" အဖြစ်လည်း သုံးနှုန်းခဲ့သည်။ ပေါလုနှင့် သူကိုယ်၌ကို ရည်ညွှန်းသောအားဖြင့် "ငါတို့အား" ဟူ၍လည်း သုံးနှုန်းခဲ့သည်။ ထို့ကြောင့် သူသည် ရှင်ပေါလု၏ အဖော်အဖက် တစ်ယောက် ကေန်အမှန်ပင် ဖြစ်တော့သည်။

**Rev. Sem Beasnael (translation)**

တမန်တော် ဝတ္ထုရေးသူနှင့် စပ်လျဉ်းပြီး ယခုလို ကျွန်ုပ်တို့ အကျဉ်းချုပ်နိုင်ပါသည်- တမန်တော်ဝတ္ထုကို ရှင်လုကာရေးကြောင်း သမိုင်းကြောင်း အထောက်အထား အများအပြား ရှိနေပါသည်။ ရှင်လုကာခရစ်ဝင်နှင့် တမန်တော်တို့ကို ရေးသူသည် တစ်ဦးတည်း ဖြစ်ပါသည်။ ကနဦးအသင်းတော်၏ အထောက်အထားက ရှင်လုကာရေးကြောင်း အစဉ်တစိုက် ဖော်ညွှန်းနေသည်။ ထို့မျှမက သမ္မာကျမ်း အထောက်အထားကလည်း ဤသဘောနှင့် ညီညွတ်နေပါသည်။ အဆိုပါ အထောက်အထားများအရ ခရစ်ဝင်ကျမ်းနှင့် တမန်တော် ဝတ္ထု နှစ်ခုလုံးကို ရှင်လုကာရေးကြောင်း ကျွန်ုပ်တို့ ယုံကြည်ရန် အကြောင်း လုံလောက်ပါသည်။ ထို့ပြင် မိမိ ဖော်ပြသမျှ အကြောင်းအရာများနှင့် စပ်လျဉ်းပြီး အကောင်းဆုံး ထိတွေ့ဆည်းပူးနိုင်ခွင့် ရှင်လုကာမှာ ရှိခဲ့ကြောင်းကိုလည်း ကျွန်ုပ်တို့ အမြဲ စွဲမြဲနေဖို့ လိုပါသည်။

ရှင်လုကာရေးကြောင်း ကျွန်ုပ်တို့ တွေ့ပြီးဖြစ်၍ တမန်တော် ဝတ္ထု သမိုင်းနောက်ခံဆီ လှည့်နိုင်ကြပြီ ဖြစ်ပါသည်။

# သမိုင်း နောက်ခံ

---

တမန်တော် ဝတ္ထု သမိုင်းနောက်ခံကို လေ့လာရာတွင် ခေါင်းစဉ် သုံးခု ခွဲပြီး ကြည့်ကြပါမည်။ ပထမအားဖြင့် ရေးသားပြုစုချိန်ကို ကျွန်ုပ်တို့ စဉ်းစားကြပါမည်။ ဒုတိယအားဖြင့် စာ၏ မူလပရိသတ်ကို ဖော်ထုတ်ကြပါမည်။ ထို့နောက် တတိယအားဖြင့် ပရိသတ်၏ လူမှုဆက်ဆံရေး ဘဝကို လေ့လာကြပါမည်။ ပထမအားဖြင့် စာရေးချိန်နှင့် စကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ရေးသားချိန်

တမန်တော် ဝတ္ထုရေးချိန်နှင့် စပ်လျဉ်း၍ ယူဆချက် အမျိုးမျိုး ကွဲပြားသည်။ သို့သော် ယေဘုယျ ဆိုရလျှင် ပညာရှင်အများက စာရေးချိန်အား သီးသန့် အဖြစ်အပျက်တစ်ခုနှင့် ဆက်နွယ်၍သာလျှင် သတ်မှတ်လိုကြသည်။ ယုဒလူတို့ကို ညှင်းပန်းနှိပ်စက်မှု တစိတ်တဒေသ အဖြစ် အေဒီ ၇၀ တွင် ရောမတို့သည် ယေရုရှလင် ဗိမ္မာန်တော်ကို ဖျက်ဆီးခဲ့ကြသည်။ ဤကြေကွဲဖွယ် ဖြစ်ရပ်သည် ယုဒ ယုံကြည်ကိုးကွယ်မှုဘဝ အချက်အချာကို ချိုးဖျက်ခဲ့ပြီး ယုဒလူတို့၏ ဘဝရှင်သန်မှုနှင့် ဝတ်ပြုမှု ပုံစံကို ပြောင်းလဲပစ်ခဲ့သည်။ ရောမတို့၏ ညှင်းပန်းနှိပ်စက်ခြင်းကြောင့် အမိမြေမှ နှင်ထုတ်ခံရရုံမက ဗိမ္မာန်တော် ဖျက်ဆီးခံရမှုကြောင့် ဓမ္မဟောင်း ပြဋ္ဌာန်းချက်အတိုင်း ဝတ်မပြုနိုင်သည့်ဘဝ ဆိုက်ခဲ့ရသည်။ အဆိုပါ အဖြစ်အပျက်တို့က ယုဒသမိုင်းအတွင်း အရေးပါသော အလှည့်အပြောင်းတစ်ခုကို ထင်ကျန်စေခဲ့သည်။

> ယုဒလူတို့အတွက် ဗိမ္မာန်တော်ပျက်ဆီးခြင်းသည် ရောမအင်ပါယာနှင့် သူတို့၏ ဆက်ဆံရေးအတွင်း ရှေ့ဆက်ခက်ခဲစေမည့် ကြီးမားသည့် အဖြစ်အပျက်ကြီး အဖြစ် အဓိပ္ပာယ်ရသည်။ ယေရုရှလင်မြို့သားများအဖို့ ဘဝရှင်သန်မှု ပျက်ဆီးရသည့် သဘောလည်း ဖြစ်သည်။ တနည်းတဖုံအားဖြင့် ရောမအင်ပါယာ တစ်လျှောက်၊ ဥရောပ တစ်ခွင် ယုဒလူမျိုးတို့ ပြန့်ကျဲသွားကြရမှု၊ နိုင်ငံစွန့်ပြီး အခြားအရပ်များသို့ ရွှေ့ပြောင်း အခြေချရခြင်းတို့၏ အစပထမ ပင် ဖြစ်တော့သည်။ ယနေ့ပင်လျှင် ထိုသို့ ဖြစ်နေဆဲပါပေ။ သင်သိသည့်အတိုင်း ထိုနေ့ရက်အကြောင်း၊ ထိုသီတင်းပတ်ထဲက ထိုနေ့အကြောင်း၊ ထိုနောက်ထို ရက်စွဲ အကြောင်း သူတို့ ပြောဆိုနေဆဲဖြစ်သည်။ နှစ်ပေါင်း နှစ်ထောင်ခန့် ကြာခဲ့လင့်ကစား သူတို့ မှတ်ဉာဏ်ထဲ မနေ့တစ်နေ့ကလို ခံစားနေရဆဲ ဖြစ်သည်။
>
> **Dr. Timothy Yoder**

ပထမအားဖြင့် အေဒီ ၇၀ ဗိမ္မာန်တော် ပျက်ပြီးသည့်နောက် ရှင်လုကာရေးကြောင်း တင်ပြသည့် ပညာရှင်များ၏ အမြင်များကို ကြည့်ပြီး တမန်တော် ဝတ္ထုရေးချိန်ကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ ဒုတိယအားဖြင့် အေဒီ ၇၀ မတိုင်မီ ရေးကြောင်း တင်ပြသူတို့ကို ကျွန်ုပ်တို့ စဉ်းစားပါမည်။ အေဒီ ၇၀ နောက်ပိုင်း ရေးကြောင်း ဖြစ်နိုင်ခြေနှင့် အစပြုကြပါစို့။

## အေဒီ ၇၀ နောက်ပိုင်းကာလ

အေဒီ ၇၀ ဗိမ္မာန်တော် ပျက်ပြီးသည့်နောက် တမန်တော်ဝတ္ထုကို ရေးကြောင်း ယုံကြည်သည့် ပညာရှင်များတွင် အုပ်စု နှစ်စု ကွဲပြားသည်။ ပထမအုပ်စုက အေဒီ ၁၀၅-၁၃၀ အတွင်း စာကို

ရေးခဲ့ကြောင်း ပြဆိုကြသည်။ တမန်တော်ဝတ္ထုထဲက အကြောင်းအရာအချို့သည် အေဒီ ၉၃ သို့မဟုတ် ၉၄ တဝိုက် ဂျိုဆီးဖပ်စ်ရေးခဲ့သော "ရှေးဖြစ်ဟောင်းများ" စာကို အမှီပြုနေသည် ဆိုသည့် ယုံကြည်မှုအပေါ် ဤအမြင်က အဓိက အခြေခံသည်။ ဤအဆိုကို ထောက်ခံသူများက တမန်တော် ဝတ္ထုနှင့် ဂျိုဆီးဖပ်စ် လက်ရာတို့ကြား ဆက်နွယ်မှု အမျိုးမျိုးကို ထောက်ပြကြသည်။ သို့သော် ယနေ့ ပညာရှင် အများစုအနေဖြင့် ရှင်လုကာနှင့် ဂျိုဆီးဖပ်စ် နှစ်ဦးလုံးက အများသိ သမိုင်းအဖြစ်အပျက်တို့ကို တသီးတခြားစီ ပြန်ပြောပြခြင်းသော်၎င်း၊ တူညီသော အရင်းအမြစ်များအပေါ် အမှီပြုမိခြင်းသော်၎င်း ဖြစ်နိုင်သည်ဟု ယုံကြည်ကြသည်။ ရှင်လုကာနှင့် ဂျိုဆီးဖပ်စ်တို့နှစ်ဦးလုံးက တူညီသော အဖြစ်အပျက်များအား ကွဲလွဲသော နည်းဟန်များဖြင့် ဖော်ပြခဲ့သည် ဆိုသည့် အချက်က ဤအမြင်ကို ခိုင်မာစေပြီး တစ်ဦးနှင့်တစ်ဦး ကူးချခြင်းမျိုး မရှိခဲ့ကြောင်းကိုလည်း ပြညွှန်သည်။

အခြားသော ပညာရှင်တို့ကမူ တမန်တော်ဝတ္ထုအား အေဒီ ၈၀ မှ ၉၅ အတွင်း ရှင်လုကာ ရေးခဲ့ကြောင်း ဆုံးဖြတ်ကြသည်။ အေဒီ ၉၀ အလယ်ခန့်တွင် ခရစ်ယာန်များ ညှင်းပန်းနှိပ်စက်ခံခဲ့ရသည် ဖြစ်ရာ ထိုကာလပြီးသည့်နောက်မှ ရေးသားပြီးဖြစ်ဖို့ရန် တမန်တော် ဝတ္ထုက ကနဦးအသင်းတော်နှင့် စပ်လျဉ်းပြီး အကောင်းဘက် ရှုမျှော်လွန်းရာကျနေကြောင်း သူတို့ ယုံကြည်ကြသည်။ ထိုမျှမက တမန်တော်ဝတ္ထုရေးသူသည် ပထမရာစုနှစ် ကုန်ကာနီး ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေခဲ့သည့် ရှင်ပေါလု၏ ပေးစာများအကြောင်း သိရှိခဲ့ပုံ မပေါ်ပေ။ တမန်တော်ဝတ္ထုကို နောက်ပိုင်းကာလမှာ ရေးခဲ့ပါလျှင် အဆိုပါစာများအကြောင်း အထောက်အထားကို ယင်းက သေချာပေါက် ပြသရပါလိမ့်မည်။ အဆိုပါ ငြင်းဆိုချက်များသည် အေဒီ ၇၀ မတိုင်မီ ရေးသည် ဆိုသည့် အမြင်ကိုလည်း ထောက်ကူနိုင်ပါသည်။ အေဒီ ၈၀-၈၅ ကြား ရေးကြောင်း ယူဆသူတို့ကလည်း အေဒီ ၇၀ နောက်ပိုင်းရေးသော ရှင်လုကာခရစ်ဝင်၏ နောက်တွင် တမန်တော်ကို ရေးသည်ဆိုသည့် အဆိုပေါ်တွင်သူတို့၏ အမြင်ကို တည်ဆောက်ကြပြန်သည်။ ရှင်လုကာ ခရစ်ဝင်အတွက် ဤသတ်မှတ်ချက်သည် လုကာ ၁၉း၄၃-၄၄ နှင့် ၂၁း၂၀-၂၄ တို့လို ကျမ်းချက်များအပေါ် အကြီးအကျယ် အခြေခံထားသည်။ အဆိုပါကျမ်းချက်တို့သည် အေဒီ ၇၀ ၌ ယေရုရှလင်မြို့ ပျက်ဆီးမှုကို ရည်ညွှန်းပုံ ရသည်။ သို့သော် ယင်းတို့သည် အဆိုပါ အဖြစ်အပျက်ကို ရည်ညွှန်းသော ဖော်ပြချက်များဖြစ်ကြောင်း ရှင်းရှင်း မယူဆနိုင်ပါ။ ယေရှုမိန့်ဆိုသော ကြောင့် ပရောဖက်ပြုချက် တစ်ခု အဖြစ်သာ ယူနိုင်သည်။ သို့တည်းမဟုတ် စစ်ပွဲအကြောင်း ယေဘူယျဖော်ပြခြင်းလည်း ဖြစ်နိုင်သည်။

အေဒီ ၇၀ ယေရုရှလင် ဗိမ္မာန်တော် ပျက်ပြီးသည့်နောက်မှ တမန်တော်ကို ရေးသည်ဟု ယူဆနိုင်သော်လည်း အေဒီ ၇၀ မတိုင်မီ ရေးသည်ဆိုသည်က ပိုဖြစ်နိုင်ချေ ရှိသည်။ ဤအစောပိုင်း ရေးသားချိန် အမြင်ဖက်အားသာစေသည့် အထောက်အထားများစွာ ရှိသည်။ သို့သော် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်အရ တမန်တော် ဝတ္ထုထဲက နောက်ဆုံး အခန်းပေါ်မှာသာ စူးစိုက်လိုပါသည်။

## အေဒီ ၇၀ မတိုင်မီ ရေးသားခြင်း အယူအဆ

တမန်တော် ၂၈း၃၀-၃၁ တွင် ရှင်ပေါလုအကြောင်း ရှင်လုကာက ယခုလို ရေးခဲ့သည်-



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ထိုနောက်မှ ပေါလုသည် နှစ်နှစ်ပတ်လုံး မိမိငှါးသောအိမ်၌နေသဖြင့်၊
> မိမိထံသို့လာသော သူအပေါင်းတို့ကို ဧည့်ခံ၍၊ အဘယ်သူမျှ မမြစ်တားဘဲ၊
> ဘုရားသခင်၏ နိုင်ငံတော် အကြောင်းကိုအတည့်အလင်း ဟောပြော၍၊
> သခင်ယေရှုခရစ်၏အကြောင်းများကို သွန်သင် ပြသလျက်နေ၏
> (တမန်တော်ဝတ္ထု ၂၈:၃၀-၃၁)။

တမန်တော် ဝတ္ထုသည် ရောမမြို့တွင် ရှင်ပေါလု အကျယ်ချုပ်ခံရမှုနှင့် အဆုံးသတ်သည်။ ၎င်းသည် အေဒီ ၆၀-၆၂ ဝန်းကျင် ဖြစ်ခဲ့သည်။ အေဒီ ၇၀ မတိုင်မီ တမန်တော်ကို ရေးခဲ့ကြောင်း ယုံလောက်သည့် အရေးကြီး အထောက်အထားကို ဤအဆုံးသတ်က ပေးနေသည်။

ပထမအားဖြင့် ရှင်ပေါလု၏ သာသနာအကြောင်း ရှင်လုကာဖော်ပြချက်သည် အေဒီ ၆၄ တွင် ဖြစ်ပျက်ခဲ့သည့် အရေးကြီး အဖြစ်အပျက်ကို မဖော်ပြဘဲ အဆုံးသတ်သည်။ အေဒီ ၆၄ တွင် ရောမ ကေရာဇ် နီရိုးသည် ရောမမြို့၌ အကြီးအကျယ် မီးလောင်ပျက်ဆီးခဲ့ရမှုအတွက် ခရစ်ယာန်များအပေါ် အပြစ်ဖို့ကာ ညှဉ်းပန်းနှိပ်စက်မှု စတင်ခဲ့သည်။ တမန်တော်ကို ရှင်လုကာ ရေးသားချိန် ဤအဖြစ်အပျက်ကို သူသတိပြုမိခဲ့မည် ဆိုပါက ဤမျှလောက် ကြီးကျယ်သော အဓိက သမိုင်း အလှည့်အပြောင်းတစ်ခုကို မဖော်ပြဘဲ ထားခဲ့သည်မှာ ထူးဆန်းနေမည် ဖြစ်သည်။

ဒုတိယအားဖြင့် အေဒီ ၆၅ သို့မဟုတ် ထို့နောက် များမကြာမီ အသင်းတော်ကို နီရိုးဘုရင် နှိပ်ကွပ်စဉ် ရှင်ပေါလု မာတုရအဖြစ် အသတ်ခံရကြောင်း ယေဘုယျ လက်ခံထားသည်။ ဤအကြောင်းကို လုကာသိပြီးဖြစ်ပါက ရှင်ပေါလု မာတုရဖြစ်ခဲ့ပုံကို သူ သေချာပေါက် ဖော်ပြခဲ့မည်သာ ဖြစ်သည်။

တတိယအားဖြင့် ယေရုရှလင်ရှိ ယုဒတို့၏ ဗိမ္မာန်တော်သည် အေဒီ ၇၀ ၌ ပျက်ခဲ့စဉ်က ၎င်းသည် အသင်းတော်အတွင်း ယုဒလူတို့နှင့် တပါးအမျိုးသားတို့ကြား ဆက်ဆံရေးအပေါ် အကြီးအကျယ် ရိုက်ခတ်ခဲ့သည်။ တမန်တော် ဝတ္ထုသည် အဆိုပါဆက်နွယ်မှုများအပေါ် နေရာများစွာ၌ စူးစိုက်ထားသည်။ ထို့ကြောင့် ဗိမ္မာန်တော် ပျက်ဆီးမှုသည် တမန်တော်ကို မရေးမီ ဖြစ်ပျက်ခဲ့ပါက ၎င်းအား ရှင်လုကာ မဖော်ပြဘဲထားခဲ့ရန်မှာ အတော်ပင် မဖြစ်နိုင်သည့်ပုံ ပေါ်နေသည်။

အဆိုပါ အချက်အလက်များအရ အေဒီ ၇၀ ၌ ဗိမာန်တော် ဖျက်ဆီးမခံရမီ၊ အေဒီ ၆၀ ၌ ရှင်ပေါလု အကျဉ်းစကျခံရပြီးနောက် တချိန်ချိန်တွင် တမန်တော် ဝတ္ထုကို ရှင်လုကာ အပြီးသတ်ခဲ့ကြောင်း ဆုံးဖြတ်ရန် အကောင်းဆုံး ဖြစ်သည်။

> ပထမရာစုနှစ်အတွင်း တမန်တော် ဝတ္ထုကို ရေးခဲ့ကြောင်း၊ အေဒီ ၆၀-၇၀
> အတွင်း တစ်ချိန်ချိန်မှာ ဖြစ်ကြောင်း ပြောဆိုခြင်းသည် အတော်ကလေး
> ကျိုးကြောင်းညီညွတ်သည်။ ယေရုရှလင် မြို့ကျဆုံးခြင်းအကြောင်း
> ရည်ညွှန်းချက် မရှိခြင်းက တမန်တော် ဝတ္ထုကို အေဒီ ၇၀ မတိုင်မီ ရေးခဲ့ကြောင်း
> ပြသည်။ တမန်တော်ကို အေဒီ ၇၀ နောက်မှာမှ ရေးခဲ့ပါက ဤမျှလောက်
> မှတ်တမ်းဝင်သည့် အဖြစ်အပျက်မျိုးကို မဖော်ပြဘဲထားခဲ့ရန် လုံးဝနီးပါး

> ဖြစ်နိုင်ချေ မရှိပါ။ တစ်ချိန်တည်းမှာပင် ပေါလု အကျယ်ချုပ်ခံရခြင်းသည် အေဒီ ၆၀ ကျော် ၆၁ အတွင်း ဖြစ်ခဲ့သည်။ ဤအချက် မှန်ကြောင်း အတိုင်းအတာတစ်ခုထိ သေချာပြီး အတော်ပင် ခိုင်မာသော အပြင် အထောက်အထား ကျွန်ုပ်တို့မှာ ရှိနေသည်။ သို့ဖြစ်၍ ထိုအချက်က တမန်တော်ဝတ္ထု၏ အချိန်အခါကို ပြပေးသည်။ အကြောင်းမှာ နေအိမ်အကျယ်ချုပ် အကြောင်း ဖော်ပြထား၍ ဖြစ်သည်။ ထိုအချက်က တမန်တော်ကို အေဒီ ၆၁ နောက်ပိုင်း တစ်ချိန်ချိန်တွင် ထားရှိပေးသည်။ အေဒီ ၆၁ နှင့် ၆၅ အကြား တစ်ချိန်ချိန်သည် အဖြစ်နိုင်ဆုံးဟု ကျွန်ုပ် ဆိုချင်ပါသည်။

**Dr. David B. Garner**

တမန်တော် ဝတ္ထုကို အစောပိုင်းရေးခဲ့ကြောင်း သိမှတ်လျက် ၎င်း ၏ မူလပရိသတ် မည်သူဆိုသည့် တမန်တော် နောက်ခံသမိုင်း၏ ဒုတိယ လက္ခဏာကို ကြည့်ကြပါစို့။

# မူလပရိသတ်

လုကာ၏ မူလပရိသတ်ကို နည်းလမ်းနှစ်မျိုးဖြင့် လေ့လာမည်။ ဦးစွာ သော်ဖိလုအတွက် စာအုပ်၏ ရှင်းလင်းပြတ်သားသောရည်ညွှန်းမှုကို ကြည့်ရှုပါမည်။ ဒုတိယအနေနှင့်၊ စာအုပ်သည် ပိုမို ကျယ်ပြန့်သော ပရိသတ်အတွက်လည်း ရည်ရွယ်သည် ဆိုသည့် ဖြစ်နိုင်ခြေကို သုံးသပ်ပါမည်။ လုကာ၏ပထမဆုံးစာဖတ်သူဖြစ်သော သော်ဖိလုနှင့်စကြပါစို့။

## သော်ဖိလု

> ခရစ်ဝင်ကျမ်းနှင့် တမန်တော် ဝတ္ထုအား သော်ဖိလု ဟု အမည်တွင်သူ တစ်ဦးဆီ လုကာ လိပ်မူ ရေးသားခဲ့သည်။ သော်ဖိလု ဆိုသည်ကို "ဘုရားသခင်ကို ချစ်သော တစ်စုံတစ်ယောက်" အဖြစ်သာ တခါတရံ ယူဆကြသော်လည်း တကယ့် လူပုဂ္ဂိုလ် တစ်ဦးအဖြစ် မှတ်ယူပါက အကောင်းဆုံး ဖြစ်သည်။ အဖြစ်နိုင်ဆုံး မြင်ကွင်းမှာ သော်ဖိလုသည် ရှင်လုကာ၏ အလှူရှင် တစ်ဦး ဖြစ်ပြီး သူ့ စာအတွက် ငွေကြေးထောက်ပံ့ခြင်းမှစ၍ အလုပ်၌ ထောက်ကူသူ တစ်ဦး ဖြစ်သည်။ ထို့ကြောင့် သော်ဖိလုထံ လုကာရေးသည့်အခါ တကယ့်လူပုဂ္ဂိုလ် တစ်ဦးဆီ ရေးနေခြင်း ဖြစ်သည်။ သို့သော် ဆင့်ပွားဆိုရလျှင် လုကာ၏ ရေးသားပုံ သဘောသဘာဝအရ ယေရှုမည်သူဖြစ်သည်၊ ဘာလုပ်ပေးသည်ကို နားလည်ရန် ကျမ်းစာလေ့လာသူတိုင်းသို့ လုကာ ရေးသားခြင်း ဖြစ်သည်။

**Dr. Brandon D. Crowe**



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရှင်လုကာ၏ နိဒါန်းစကားများ အရ သော်ဖိလုသည် သူ့အား စာရေးရန် တာဝန်ပေးသူ၊ ငွေကြေးပိုင်း ကူညီပေးသူ ဖြစ်သည်။ ကျွန်ုပ်တို့ တွေ့ပြီးသည့်အတိုင်း လုကာ ၁း၃ နှင့် တမန် ၁း၁ တို့တွင် ရှင်လုကာသည် သူ့စာများအား "သော်ဖိလု" သို့ ရည်စူးခဲ့သည်။ ထို့မျှမက လုကာ ၁း၃ တွင် လုကာသည် သော်ဖိလုအား "အလွန်မြတ်သော သော်ဖိလု" ဟု ခေါ်ဆိုခဲ့သည်။ ရှင်လုကာသည် လေးစားခြင်းကို ဖော်ကျူးသော ဂရိ ဝေါဟာရ *ခရာတစ်စ်တို့စ်* (*κράτιστος*) ကိုသုံးပြီး "အလွန်မြတ်သော" ဟု ဆိုခဲ့သည်။ ဤအသုံးအနှုန်းကြောင့် သော်ဖိလုသည် သူ့ကို ငွေကြေးထောက်ပံ့ပေးသူ လူချမ်းသာ ဖြစ်ခဲ့မည်ဟု အများ ယုံကြည်စရာ ဖြစ်လာခဲ့သည်။ သို့သော်လုကာနှင့် သော်ဖိလုအကြားဆက်ဆံရေးသည် အားပေးထောက်ပံ့ပေးရုံမျှထက် ပိုမိုရှုပ်ထွေးသည်။ လုကာခရစ်ဝင်နှင့် တမန်တော် ဝတ္ထုတို့ကို ဖတ်ခြင်းဖြင့် သော်ဖိလုသည် လုကာ၏ တပည့် ဖြစ်လာသည်။ ရှင်လုကာ ခရစ်ဝင် နိဒါန်းတွင် သော်ဖိလုနှင့် လုကာ ဆက်ဆံရေးအပေါ် ဤအမြင် ရှုထောင့်ကို ကျွန်ုပ်တို့ တွေ့နိုင်သည်။ လုကာ ၁း၃-၄ ကို တဖန် နားထောင်ကြည့်ကြပါစို့။

> ငါသည်လည်း ထိုအထွေထွေ့ပွတ္တိအလုံးစုံတို့ကို စေ့စေ့ ဖွေရှာ လိုက်စစ်ပြီးလျှင် ကိုယ်တော်သင်ပြီးသော အကြောင်းအရာတို့သည် ဧကန် အမှန်ဖြစ်ကြောင်းကို ကိုယ်တော်သိစေခြင်းငှာ အစဉ်အတိုင်း ရေးထား၍ ကြားလိုက်မည် အကြံရှိပါ၏၊ အလွန်မြတ်သော သော်ဖိလု (လုကာ ၁း၃-၄)။

ဤကျမ်းချက်တို့က ညွှန်ပြနေသလို သော်ဖိလု "သင်ပြီးသော အကြောင်းအရာတို့သည် ဧကန် အမှန်ဖြစ်ကြောင်းကို (သော်ဖိလု) သိစေခြင်းငှာ" ရှင်လုကာခရစ်ဝင်ကို တစိတ်တပိုင်း ဒီဇိုင်းချထားခဲ့သည်။ အလွယ်ဆိုရလျှင် သော်ဖိလုကို သွန်သင်ဖို့ ရှင်လုကာက ရေးခဲ့ခြင်း ဖြစ်သည်။

လုကာသည် သော်ဖိလုကို ၎င်း၏ပထမဆုံးစာဖတ်သူအဖြစ် အတိအလင်း ကိုးကားခဲ့ကြောင်း တွေ့မြင်ရသဖြင့် ပိုမိုကျယ်ပြန့်သောပရိသတ်ထံ စာရေးရန် စဉ်းစားရာတွင်လည်း လုကာအား ၎င်းက အထောက်အကူ ဖြစ်စေပါသည်။

## ပိုမိုကျယ်ပြန့်သော ပရိသတ်

ဓမ္မသစ်နေရာတိုင်းမှ ကျွန်ုပ်တို့ ဖတ်ရသည်များအရ ပထမ ရာစုနှစ် ပိုမိုကျယ်ပြန့်သော အသင်းတော်သည် အရေးအရာများစွာ၌ ရှုန်းကန်နေခဲ့ရကြောင်း တွေ့ရန် မခက်ခဲပါ။ တမန်တော် ဝတ္ထုထဲတွင် ထိုသို့သော အရေးအရာများစွာကို ရှင်လုကာ ဆွေးနွေးခဲ့သည်။ မတူခြားနားသော တမန်တော်များနှင့် ဩဝါဒဆရာများ၏ ဦးဆောင်မှုပေါ် မူတည်ပြီး ယုဒ နှင့် တပါး အမျိုး ယုံကြည်သူတို့အကြား ဖြစ်ရသော ရန်တွေ့ခြင်းနှင့် အုပ်စုကွဲခြင်းများကို ဖော်ပြထားသည်။ မှားယွင်းသော ဆရာများအားဖြင့် ဝင်လာသော ဩဝါဒ အမှားများကိုလည်း ဆွေးနွေးထားသည်။ တမန်တော် ဝတ္ထုကလည်း အသင်းတော်နှင့် မြို့ပြအုပ်ချုပ်သူတို့အကြား ဖြစ်ရသော ရန်ငြိုးဖွဲ့မှုများကို ဖော်ပြထားသည်။ အမျိုးသမီးများနှင့် ဆင်းရဲသားများ ကြုံရသော အရေးအရာများပေါ်မှာ စူးစိုက်ထားသည်။ ညှင်းပန်းနှိပ်စက်မှုများ၊ ဆင်းရဲဒုက္ခများ၊ ထောင်သွင်းအကျဉ်းချမှုများအကြောင်းကို



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မှတ်တမ်းတင်ထားသည်။ တမန်တော်ဝတ္ထုသည် အဆိုပါ ဩဝါဒဆိုင်ရာ၊ ကျင့်ဝတ်ဆိုင်ရာ၊ လက်တွေ့ ပိုင်း ဆိုင်ရာ အခက်အခဲများကို ထည့်သွင်း ပြောဆိုထားသည်။ အကြောင်းမှာ ပိုမိုကျယ်ပြန့်သော အသင်းတော်သည် ၎င်း၏ အစောပိုင်း ဆယ်စုနှစ်များအတွင်း အဆိုပါ အရေးအရာများနှင့် ရုန်းကန်နေခဲ့ရ၍ ဖြစ်သည်။

ပိုမိုကျယ်ပြန့်သော အရေးအရာကိစ္စများကို ဖြေရှင်းရန် တမန်တော် ဝတ္ထုကို လုကာရေးခဲ့သည်။ ထို့ကြောင့် သူ့စာကို မတူခြားနားသော ယုံကြည်သူအများ ဖတ်ရှုရန် ရည်ရွယ်ရေးသားခဲ့သည်ဟု ယူဆရန် အကြောင်းညီညွတ်နေပုံရသည်။ သော်ဖိလုနှင့်တကွ ယေဘူယျအားဖြင့် ကနဦးအသင်းတော် တစ်ခုလုံးအား သူတို့ကြုံရသည့် စိမ်ခေါ်မှုများစွာ၌ ကူညီ ကိုင်တွယ်ဖြေရှင်းပေးနိုင်ရန် သူ ဂရုပြုခဲ့သည်။

တမန်တော် ဝတ္ထု ရေးချိန်နှင့် မူလပရိသတ်ကို စဉ်းစားပြီးသည့်နောက် လုကာစာရေးချိန်က ရှိနေသည့် ယေဘုယျ လူမှုဆက်ဆံရေး အခြေအနေ ဆိုသည့် တတိယ အလေးပေးချက်ကို ကျွန်ုပ်တို့ လေ့လာကြပါမည်။

# လူမှုဆက်ဆံရေး အခြေအနေ

ပထမ ရာစုနှစ် အသင်းတော် အသက်တာ၏ အဓိက သွင်ပြင်လက္ခဏာ နှစ်ခုကို ကြည့်ခြင်းအားဖြင့် တမန်တော် ဝတ္ထု၏ လူမှုဆက်ဆံရေး အခြေအနေကို ကျွန်ုပ်တို့ ဖော်ထုတ်ကြပါမည်။ ပထမအားဖြင့် ရောမ အင်ပါယာ၏ ဥပဒေနှင့် အာဏာ၊ ဒုတိယအားဖြင့် အသင်းတော်နှင့် ယုဒလူတို့အကြား အသစ်သော ဆက်နွယ်မှုတို့ ဖြစ်ကြသည်။ ပထမဦးစွာ ရောမ အင်ပါယာကို ကြည့်ကြပါစို့။

## ရောမ အင်ပါယာ

တမန်တော် ဝတ္ထုကို လုကာရေးချိန်တွင် ရောမအင်ပါယာသည် မြေထဲပင်လယ်ဒေသ တစ်ခုလုံးကို အောင်မြင် ထိန်းချုပ်ခဲ့ပြီး ဖြစ်သည်။ ၎င်း၏ လက်တံသည် ယနေ့ကာလ ဗြိတိန်၊ မြောက် အာဖရိကနှင့် အာရှတိုက် နေရာများစွာအထိ ရောက်ရှိခဲ့သည်။ ကနဦး အသင်းတော် ကာလက အင်ပါယာသည် ကျယ်ပြန့်ကြီးထွားနေဆဲ၊ ၎င်း၏ ပိုင်နက်ထဲသို့ လူနှင့် ပိုင်နက် နယ်မြေများစွာကို ပိုပို၍ ပေါင်းထည့်နေဆဲ ဖြစ်သည်။ ထိုသို့ လုပ်ခဲ့သည်နှင့်အမျှ ရောမအင်ပါယာ၏ ခြားနားကွဲပြားသော ကျင့်ဝတ် စံနှုန်းများ၊ ရည်ရွယ်ချက်များ၊ အယူဝါဒများသည် လူ့ဘောင်အဖွဲ့အစည်းအပေါ် ရှုထောင့်စုံမှ အကြီးအကျယ် ဩဇာညောင်းခဲ့သည်။ သိမ်းပိုက်ခံ နယ်မြေများအပေါ် နိုင်ငံရေးနှင့် စီးပွားရေး နယ်ပယ်တို့၌ အကြီးကျယ်ဆုံး ဩဇာညောင်းခဲ့သည်မှာ သံသယဖြစ်ဖွယ်မရှိပါ။ ရောမအင်ပါယာ၏ အဓိက နိုင်ငံရေး အလေးပေးချက်တစ်ခုမှာ အင်ပါယာအတွင်း ငြိမ်ဝပ်ရေးနှင့် သစ္စာစောင့်သိရေး ဖြစ်သည်။ ၎င်းသည် ဤအရာကို နည်းအမျိုးမျိုးဖြင့် လုပ်ဆောင်ခဲ့သည်။ ဒေသန္တရ အစိုးရများနှင့် အာဏာပိုင်များ အပေါ် ဖိအားပေး ထိန်းချုပ်စေခြင်းသည် နည်းလမ်း တစ်ခု ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**ဒေသန္တရ အစိုးရ** သိမ်းပိုက်ခံ နိုင်ငံတို့သည် ဒေသဆိုင်ရာ ကိုယ်ပိုင် စီမံအုပ်ချုပ်ခွင့်ကို အတိုင်းအတာတစ်ခုထိ ရကြသည်။ သို့သော် သူတို့၏ အစိုးရများသည် မကြာခဏ ပြင်ဆင်ပြောင်းလဲခံရလေ့ရှိပြီး ရောမတို့၏ အဆင့်အလိုက် အုပ်ချုပ်မှု လက်အောက်ခံအဖြစ်သာ အမြဲရှိနေရသည်။ ဥပမာအားဖြင့် တမန်တော်ဝတ္ထုသည် ကဲသရိမြို့ဝန် နှစ်ဦးဖြစ်သော ဖေလဇ် နှင့်ဖေတ္တု တို့အကြောင်းကို ဖော်ပြသည်။ သူတို့သည် ကဲသရိမှနေ၍ ယုဒ တနယ်လုံးကို အုပ်ချုပ်သည်။ အခွန်ကောက်ခံမှုကို ကြီးကြပ်ရန်အပြင် ရောမအင်ပါယာအတွင်း ၎င်းတို့ တာဝန်ယူသည့် နယ်အတွင်း ငြိမ်ဝပ်ရေး၊ ဥပဒေ ထိန်းသိမ်းရေးတို့အတွက် တာဝန်ရှိသူများ ဖြစ်ကြသည်။

**နေထိုင်သူများ** အင်ပါယာသည် သိမ်းပိုက်ခံ နိုင်ငံများမှ လူတို့နှင့် ရောမနိုင်ငံသားတို့ကို ပေါင်းစပ်ပေးခြင်းဖြင့် ယဉ်ကျေးမှုနှင့် နိုင်ငံရေး အရှိန်အဝါ ကိုလည်း သုံးခဲ့သည်။ မကြာခဏဆိုသလို ရောမတို့သည် အသစ်သိမ်းပိုက်လိုက်သော နယ်မြေများထဲက မြေယာများအား စစ်မှုထမ်းဟောင်းများသို့ ခွဲဝေပေးလေ့ရှိသည်။ ဤအစဉ်အလာသည် သစ္စာရှိသော ရောမနိုင်ငံသားများ၏ နယ်မြေ ပိုင်နက်ကလေးများကို အင်ပါယာတခွင် ထူထောင်ပေးရာရောက်သည်။ ထို့ပြင် ၎င်းသည် အုပ်ချုပ်ရေးနှင့် လူမှုဆက်ဆံရေး နယ်ပယ် နှစ်ခုလုံး၌ ရောမ စံနှုန်းများနှင့် ဝန်ခံအပ်နှံမှုများကို အားပေးမြှင့်တင်သည်။ ရောမမြို့မှလာသောလူများအကြောင်း အခါအားလျော်စွာ တမန်တော်ဝတ္ထုက ဖော်ပြခြင်းသည် ထိုအကြောင်းကြောင့်ပင် ဖြစ်သည်။ တမန်တော် ၂း၁၀-၁၁ အရ ပင်တေကုတ္တေနေ့လို စောစီးစွာကပင် "ရောမမြို့မှ လာသောဧည့်သည်များ၊ ယုဒလူများ၊ ဘာသာဝင်များ" အဝင်အထွက် ရှိနေခဲ့ကြောင်း ကျွန်ုပ်တို့ ဖတ်ရသည်။ ဘာသာဝင်များသည် ယုဒဘာသာသို့ ကူးပြောင်းလာသော တပါးအမျိုးသားများ ဖြစ်ကြသည်။ တမန်တော် အခန်းကြီး ၁၀ ပါ ရောမစစ်သား တရာကို အုပ်ချုပ်ရသူ ကော်နေလိ သည် ဘုရားကို ကြောက်ရွံ့သူတစ်ဦး ဖြစ်ပြီး တမန်တော်ကာလ သတင်းကောင်းပျံ့နှံ့ရေးအတွက် အရေးကြီးသော ကဏ္ဍမှာ ပါဝင်သည်။

**လူထုဆိုင်ရာလုပ်ငန်းများ** ထိုမျှမက ရောမတို့၏ လူထုဆိုင်ရာ လုပ်ငန်းတို့ကလည်း ဒေသန္တရ အစဉ်အလာတို့အပေါ် ဩဇာညောင်းခဲ့သည်။ ရောမအုပ်ချုပ်ရေး၏ လူထုဆိုင်ရာ လုပ်ငန်းတို့တွင် လမ်းဖောက်ခြင်း၊ ကြီးမားသော အဆောက်အဦများနှင့် လူထု တွေ့ဆုံစည်ဝေး နေရာများ ဆောက်လုပ်ခြင်းတို့ ပါဝင်သည်။ ပေါလုနှင့် အခြားသူများ သာသနာကြိုးပမ်းရာတွင် မည်မျှလောက်ထိ လွတ်လပ်လုံခြုံစွာ ခရီးသွားလာနိုင်ခဲ့ကြောင်း ထိုအရာတို့က ပြနေသည်။ တမန်တော်များသည်လည်း တနေရာမှ တနေရာသို့ သွားလာပြီး သတင်းကောင်းဆင့်ဆိုရာ၌ အဆိုပါ လူထုလမ်းကြောင်းများကို အသုံးပြုခဲ့သည်။

**ကိုးကွယ်ယုံကြည်မှု** ကနဦးအသင်းတော်အတွက် ရောမအင်ပါယာ၏ အရေးအပါဆုံး သွင်ပြင်လက္ခဏာမှာ ၎င်းသိမ်းပိုက်ခံ နယ်မြေလူထု၏ ကိုးကွယ်ယုံကြည်မှုအပေါ် ဩဇာညောင်းမှုဟု ဆိုနိုင်သည်။ ရှင်လုကာ စာရေးချိန်တွင် ရောမကေရာဇ်အား လူနှင့် နယ်မြေကို ပိုင်စိုးသူအဖြစ်သာမက *ဆိုတား* (ဝါ) "ကယ်တင်ရှင်" အဖြစ်လူတို့က ရှုမြင်ကြချိန် ဖြစ်သည်။ အုပ်စိုးသူ ကေရာဇ် ဆီဇာသည် သူ့လူတို့အား ဖရိုဖရဲ မဖြစ်အောင်၊ ဆင်းရဲငြိမ်းအောင် ကယ်တင်ပေးသူ ဖြစ်ကြောင်း ရောမတို့ကလည်း ဝါဒဖြန့်ထားကြသည်။ ရောမအင်ပါယာ တိုးချဲ့ခြင်းအား လူတို့၏ လွတ်မြောက်မှုကို တိုးချဲ့ခြင်း အဖြစ်

တင်ဆက်ထားသည်။ ဧကရာဇ်သည် လူတို့အား သူတို့၏ အာဏာရှင်ဆန်သည့် ဒေသန္တရ အုပ်စိုးသူတို့ လက်မှ လွတ်စေပြီး ရောမ၏ ကောင်းကျိုးပြု အုပ်စိုးမှုအောက် ဆောင်သွင်းပေးသူ ဖြစ်သည်။ ဒေသအများစု၌ ဆီဇာဘုရင်၏ အုပ်စိုးပိုင်သမှုနှင့် အစဉ်အလာ ရောမနတ်ဘုရားတို့ကို ဝန်ခံနေသရွေ့ သိမ်းပိုက်ခံလူထုသည် မိမိတို့၏ ယုံကြည်ကိုးကွယ်မှု ထုံးဓလေ့များစွာကို ဆက်လုပ်ခွင့် ရကြသည်။

ပထမရာစုနှစ် ယုဒလူတို့နှင့် ခရစ်ယာန်တို့သည်လည်း ရှုထောင့်များစွာ၌ အများလေးစားသော ရောမ လက်အောက်ခံများ ဖြစ်ခဲ့သည် သို့သော် သစ္စာရှိ ယုဒလူများနှင့် ခရစ်ယာန်တို့သည် ရောမ ကိုးကွယ်ယုံကြည်မှု၏ လွှမ်းမိုး ကြီးစိုးခြင်းကို ဝန်မခံ၊ ငြင်းဆန် ခဲ့ကြသည်။ သို့တစေ ရောမအင်ပါယာသည် ယုဒဘာသာအား*ရီလီဂျီယို လီဆစ်တာ* (ဝါ) “တရားဝင် ဘာသာအယူ” တစ်ခုအဖြစ် သတ်မှတ်ထားဆဲ ဖြစ်သည်။ ခရစ်ယာန် ယုံကြည်ခြင်းကို ဖြစ်နိုင်သမျှ သည်းခံခဲ့သော်လည်း ခရစ်ယာန် နှင့် ယုဒ နှစ်သင်းလုံးကို ဖိနှိပ်မှုများ ရှိခဲ့သည်။ အုပ်ချုပ်ရေး၊ လူဦးရေ၊ လူထု လုပ်ငန်းများနှင့် ကိုးကွယ်ယုံကြည်မှုတို့ကို ထိန်းချုပ်ခြင်းဖြင့် ရောမအင်ပါယာသည် ၎င်းရောက်နိုင်လေရာရာ အရပ်တွင် ဩဇာပျံ့နှံ့အောင် အားထုတ်ခဲ့သည်။

> ရောမတို့သည် နတ်ဘုရားတို့အား ယုံကြည်ကိုးကွယ်ကြပြီး ဧကရာဇ်သည် သူတို့စူးစိုက်မှု ပြုရာ သူတို့၏ နတ်ဘုရားပင် ဖြစ်သည်။ သို့သော် ယုဒလူတို့ကမူ ရုံချပြစ်တင်စရာဟု ရှုမြင်ကြသည်။ အမှန်တွင် သူသည်ဘုရားတစ်ဆူ မဟုတ်ပေ။ နီရိုးနှင့် အခြားသူများ မည်သို့ပြုမူ လုပ်ဆောင်သည်ကို လူတို့ သိမြင်နိုင်ကြ၍လည်း ဘုရားမဟုတ်ကြောင်း သူတို့ သိကြသည်။ ထို့ကြောင့် ရလာဒ်အားဖြင့် ထိုအချက်သည် စေ့စပ်ညှိနိုင်း မရနိုင်သော တကယ့် အရေးအရာ တစ်ခု ဖြစ်ခဲ့သည်။ ဧကရာဇ်ကိုးကွယ်မှုနှင့် တစ်ဆူတည်းသော၊ သုံးပါးတစ်လုံးတစ်ဝ ဘုရားကိုးကွယ်မှုတို့ကို ပေါင်းစပ်နိုင်မည့်နည်းလမ်း သင့်မှာ လုံးဝ မရှိပါ။ ထိုအရာသည် အလုပ်မဖြစ်နိုင်ပါ။
>
> **Dr. Rodney Orr**

ယခုတွင် တမန်တော်ဝတ္ထု၏ လူမှုဆက်ဆံရေး နောက်ခံအား ရောမအင်ပါယာ ဩဇာညောင်းမှုအတွင်း လေ့လာကြပြီး ဖြစ်၍ မယုံကြည်သော ယုဒလူတို့နှင့် ကနဦး ခရစ်ယာန် အသင်းတော်တို့ကြား ဆက်နွယ်မှုကို လေ့လာဖော်ထုတ်ကြပါစို့။

## ယုဒလူများ

ယုဒလူများနှင့်ကနဦးအသင်းတော် ဆက်နွယ်မှုနှင့် စပ်လျဉ်း၍ နက်နက်ရှိုင်းရှိုင်း ဆက်နွယ်နေမှုများကို ဦးစွာ မှတ်သားပြီးမှ ဒုတိယအားဖြင့် အခြေခံကျကျ ကွဲလွဲနေမှုများကို ဖော်ထုတ်ကြပါမည်။ အဆိုပါ နှစ်ဖွဲ့ကြား ဆက်နွယ်မှုများနှင့် စကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**နက်ရှိုင်းသော ဆက်နွယ်မှုများ** ကနဦးအသင်းတော်သည် ယုဒလူတို့နှင့် တူညီသော အမွေအနှစ်ကို ဆက်ခံခဲ့သည်။ ခေတ်သစ်ကာလမျိုးတွင် ယေရှုသည် ယုဒလူမျိုး ဖြစ်ခဲ့ကြောင်း ကျွန်ုပ်တို့ မကြာခဏ သတိပြုမိဖို့လိုပါသည်။ ယေရှုသည် ယုဒလူမျိုး ဖြစ်ခဲ့ရုံမက တမန်တော်များသည်လည်း ယုဒအမျိုး ဖြစ်ခဲ့ကြသည်။ ပထမတွင် ကနဦး အသင်းတော်၌ ပါဝင်ခဲ့သူတို့သည် ယုဒဘာသာမှ ပြောင်းလဲလာသူများသက်သက် ဖြစ်သည်ဟု ဆိုရမလောက်အောင် ဖြစ်ခဲ့သည်။ ထို့ကြောင့်ကတိပြုထားသည့် ယုဒအမျိုး မေရှိယကို သစ္စာစောင့်ခြင်းသည် ကနဦးအသင်းတော် အမြင်၌ ယုဒဘာသာအပေါ် သစ္စာစောင့်သိမှုတစ်ခု အဖြစ် အဓိပ္ပာယ်ဆောင်နေခဲ့သည်။ တမန်တော် ဝတ္ထုအရ ကနဦးအသင်းတော်လူများစွာသည် ဗိမ္မာန်တော်ဝတ်ပြုမှု တက်ရောက်ခြင်း၊ ကျမ်းစာကြားနာရန် တရားဇရပ်တို့၌ စုဝေးခြင်း၊ ယုဒ ထုံးတမ်းစဉ်လာများစွာကို ဆက်လက် ကြည်ညိုထိန်းသိမ်းခြင်းများ ပြုခဲ့သည်။ သာဓကအားဖြင့် တမန်တော် ၁၃း၃၂-၃၃ တွင်တွေ့ရသော ပေါလု၏ စကားများကို နားထောင်ကြည့်ပါ။

> ဝမ်းမြောက်စရာ သတင်း ဧဝံဂေလိတရားကို ငါတို့သည် သင်တို့အား ကြားပြောကြ၏။ ဘုရားသခင်သည် ယေရှုကို ထမြောက် စေတော်မူသဖြင့် ငါတို့ ဘိုးဘေးများ၌ ရှိသော ကတိတော်ကို ထိုသူတို့ သားဖြစ်သော ငါတို့အား ပြည့်စုံစေတော်မူပြီ (တမန် ၁၃း၃၂-၃၃)။

ပေါလုနှင့် အတူ ခရီးသွားသူတို့သည် လူမျိုးစု ခေါင်းဆောင်များအား "ငါတို့ ဘိုးဘေးများ" ဟုငင်း၊ ခရစ်ယာန်တို့အား "ထိုသူတို့၏ သားဖြစ်သော ငါတို့" ဟုငင်း ခေါ်ဆိုခြင်းဖြင့် တရားဇရပ်ရှိ ယုဒလူတို့ကို မိမိတို့နှင့် ထပ်တူထပ်မျှ ဖြစ်စေခဲ့သည်။

ထပ်၍ ဆိုရလျှင် ကနဦးအသင်းတော်နှင့် ယုဒလူ့အဖွဲ့အစည်း၊ ထိုနှစ်ခုလုံးသည် ယေဘုယျအားဖြင့် တူညီသော ကျမ်းစာ တစ်ခုတည်းကိုသာ ဝန်ခံထားကြသည်။ တမန်တော် ဝတ္ထုတွင် ယုဒလူ့အဖွဲ့အစည်းအကြား ခရစ်ယာန်တို့ သတင်းကောင်း ဆင့်ဆိုသည့်အခါ ကျမ်းစာ၏ အထောက်အကူကို အစဉ်တစိုက် ရယူခဲ့ကြသည်။ ယုဒလူတို့ထံ ရှင်ပေါလု သတင်းကောင်းဟောရာတွင် ကျမ်းစာကို မည်သို့ အသုံးပြုခဲ့ကြောင်း တမန်တော် ၁၇း၁-၃ က မှတ်တမ်းတင်ထားသည်။ ထိုနေရာရှိ ရှင်လုကာ၏ စကားများကို နားထောင်ကြည့်ပါ။

> သက်သာလောနိတ်မြို့သို့ ရောက်ကြ၏။ ထိုမြို့မှာ တရားဇရပ်ရှိ၏ ပေါလုသည် မိမိထုံးစံ ရှိသည့်အတိုင်း ထိုဇရပ်သို့ ဝင်၍ ဥပုဒ်နေ့ သုံးရက်တွင် ကျမ်းစာကို အမှီပြု၍ ထိုသူတို့နှင့် ဆွေးနွေးနှီးနှောသဖြင့် ခရစ်တော်သည် အသေခံရမည်၊ သေခြင်းမှ ထမြောက်ရမည်၊ ငါဟောပြောသော ယေရှုသည် ခရစ်တော် ဖြစ်သည် ဟူသော အကြောင်းအရာတို့ကို ရှင်းလင်းစွာ ဖွင့်ပြလေ၏ (တမန် ၁၇း၁-၃)။

ထိုထက်မက ခရစ်ယာန် ယုံကြည်ခြင်းတရားနှင့် ယုဒဘာသာတို့အကြား နက်ရှိုင်းစွာ ဆက်နွယ်နေမှုကြောင့် ယုဒ အုပ်ချုပ်ရေး အာဏာပိုင်တို့နှင့် ကနဦးအသင်းတော်တို့အကြား လေးနက်အရေးပါသည့် အပြန်အလှန် ပြောဆိုဆက်ဆံမှုများ ရှိလာရသည်။ တမန်တော်ဝတ္ထုအရ ခရစ်တော် သတင်းကောင်းအကြောင်း ကနဦးအသင်းတော်၏ ရဲရဲတောက် ဆင့်ဆိုချက်တို့သည် ယုဒ အာဏာပိုင်တို့နှင့် မကြာခဏ ပဋိပက္ခ ဖြစ်စေခဲ့သည်။ သို့သော် ကနဦးခရစ်ယာန်တို့သည် ဖြစ်နိုင်သရွေ့ ယုဒခေါင်းဆောင်တို့ကို ဝန်ခံခဲ့ပြီး ဘုရားသခင့် ပညတ်တို့ကို ဆန့်ကျင်ရန် တောင်းဆိုခံရသည့်အခါများမှာသာ သူတို့ကို ဆန့်ကျင်ခဲ့သည်။

ယုဒလူတို့နှင့် ကနဦးအသင်းတော်တို့အကြား နက်ရှိုင်းသော ဆက်နွယ်မှုများ ရှိလင့်ကစား အခြေခံကျကျ ကွဲလွဲမှုများလည်း ရှိနေပြန်သည်။

**အခြေခံကျကျ ကွဲလွဲချက်များ** ပထမဦးဆုံးနှင့် အခြေခံအကျဆုံးအဖြစ် ခရစ်ယာန်များနှင့် မယုံကြည်သော ယုဒလူတို့သည် ယေရှု မည်သူနည်း၊ ဘာလုပ်သနည်း ဆိုသည်တို့အပေါ် သဘောကွဲကြသည်။ ယေရှုသည် သေခြင်းကို အောင်သော မေရှိယဖြစ်သည်ဟု ကနဦးအသင်းတော်က ဆင့်ဆိုသည်။ ကိုယ်တော်သည် သေသောသူတို့အထဲမှ ပြန်ရှင်ခြင်းနှင့် အစပြုလျက် မြေတပြင်လုံးတွင် ဘုရားသခင့်နိုင်ငံတော်ကို ဖြန့်ကျက်ပြီး ဖန်ဆင်းခြင်း ရှိသမျှကို ပြန်တည်မြဲစေခဲ့ကြောင်း သူတို့ယုံကြည်ကြသည်။ သို့သော် မယုံကြည်သော ယုဒလူတို့သည် အမှန်တရားအဖြစ် အသင်းတော်က အတည်ပြုထားချက်ကို ငြင်းဆန်သည်။ ယေရှုသည် မေရှိယ အရည်အချင်း ပြည့်မီသူ မဟုတ်ဟု သူတို့ ယုံကြည်သည်။ သူ့တန်ခိုး ပြာဋိဟာနှင့် လုပ်ဆောင်ချက်တို့သည် ဘုရားသခင်နှင့် မဆိုင်ဟု သူတို့ ငြင်းဆိုကြသည်။ သေသောသူတို့ထဲက ထမြောက်သည်ကို ယုံဖို့လည်း သူတို့ငြင်းကြသည်။ အဆိုပါ ကွဲလွဲချက်တို့က ခရစ်ယာန်တို့နှင့် မယုံကြည်သူ ယုဒလူတို့အကြား ကွာဟအောင် ဖန်တီးခဲ့၍ ယနေ့တိုင် ရှိနေရသည်။

ဒုတိယအားဖြင့် ကနဦးအသင်းတော်နှင့် ယုဒခေါင်းဆောင်များ၊ နှစ်သင်းလုံးက ဟေဗြဲကျမ်းစာ၏ အခွင့်အာဏာအပေါ် ဝန်ခံရာ၌ တူသော်ငြား မှန်ကန်သော အနက်ပြန်ဆိုမှု အပေါ် အကြီးအကျယ် ကွဲလွဲကြသည်။ အထူးသဖြင့် ယေရှုနှင့် ပတ်သက်သည့် အမှုအရာ၌ ကွဲလွဲခြင်း ဖြစ်သည်။ ဟေဗြဲကျမ်းစာထဲက မေရှိယ ကြွလာရန် မျှော်လင့်ချက်များသည် ယေရှု၌ ပြည့်စုံခဲ့ကြောင်း ကနဦးအသင်းတော်က ယုံကြည်ခဲ့သည်။ သို့သော် မယုံကြည်သော ယုဒလူတို့ကမူ ဤသိနားလည်မှုကို ငြင်းဆန်ခဲ့သည်။ ယုဒဘာသာအတွင်း ကွဲလွဲသောအမြင်များ ကျယ်ကျယ်ပြန့်ပြန့် ရှိစဉ်မှာပင် ဓမ္မဟောင်း မေရှိယ မျှော်လင့်ချက်များအား ယေရှု ပြည့်စုံစေခဲ့သည် ဆိုသည်ကို ယုဒလူ အများစု လက်ခံဖို့ မဖြစ်နိုင်ခဲ့ပေ။

တတိယအားဖြင့် တပါးအမျိုးသားတို့အပေါ် မည်သို့ ရှုမြင်သည် ဆိုရာ၌လည်း ပထမရာစုနှစ် ကနဦးအသင်းတော်နှင့် ယုဒလူများ သဘောထား ကွဲခဲ့ကြသည်။ များသောအားဖြင့် စောင့်စောင့်စည်းစည်းရှိသော ယုဒလူတို့သည် တပါးအမျိုးတို့နှင့် ပေါင်းဖော်လေ့ မရှိကြပေ။ သို့သော် အရေဖျားလှီးခြင်း မခံယူသော တပါးအမျိုးသား များစွာတို့သည် ယုဒဘာသာ ကျင့်ဝတ် ယုံကြည် သွန်သင်ချက်တို့အား အလွန်ပင် ကြိုက်နှစ်သက်ကြရကား ဒေသန္တရ တရားဇရပ်တို့တွင် မိမိတို့ဘာသာ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မိမိတို့ ပါဝင် ချိတ်ဆက်လာခဲ့ကြသည်။ သူတို့အား "ဘုရားကို ရိုသေသူများ" ဟု ခေါ်ဆိုသည်။ ဘုရားကို ရိုသေသူတို့အား တပါးအမျိုးသားများထက် ပိုလေးစားကြသည်။ သို့သော် သူတို့သည် ယုဒလူ့ဘောင်၏ တင်းပြည့် အဖွဲ့ဝင်များတော့ မဟုတ်ကြပေ။ ဘာသာဝင်သူများဟု ခေါ်ဆိုကြသည့် အခြားတပါးအမျိုးသားများသည် ယုဒဘာသာသို့ ကူးပြောင်းလာကြသူများ ဖြစ်သည်။ သို့သော် ဤကူးပြောင်းမှု၌ ရေနှစ်ခြင်း ဗတ္တိဇံနှင့် အရေဖျား လှီးခြင်းလို ဘာသာသွတ်သွင်းခြင်း အထုံးအဖွဲ့များကို ဖြတ်ကျော်ကြရသည်။ ဓမ္မဟောင်း ပညတ်ချက်များထဲ ယုဒဘာသာရေး ဆရာများက ထပ်မံထည့်သွင်းပေးထားပြီး ဖြစ်သည့် အစဉ်အလာ ဓလေ့များကိုလည်း သူတို့ လိုက်နာရန် တာဝန်ရှိကြသည်။

ကနဦး ယုဒ ခရစ်ယာန်တို့၌ တပါးအမျိုးသားတို့နှင့် စပ်လျဉ်း၍ ဤတူညီသော အမြင်မျိုး ရှိကြသည်။ သို့သော် ယုဒဘာသာသို့ ကူးပြောင်းဝင်ရောက်လာသူ ဘာသာဝင်တစ်ဦး ဖြစ်ထားရန် မလိုဘဲ ခရစ်တော်နောက်သို့ လိုက်သူ တပါးအမျိုးတိုင်းကို ခရစ်ယာန် အသင်းတော်အတွင်း တင်းပြည့် အဆင့်အတန်း ခွင့်ပြုပေးရန် ဖြစ်ကြောင်း သူတို့ တရွေ့ရွေ့ နားလည်လာခဲ့ကြသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ ဖွင့်ပြမှုအသစ်အရ ဝန်ခံမှုနှင့် ရေနှစ်ခြင်း ဗတ္တိဇံအားဖြင့် ခရစ်တော်၌ ယုံကြည်ခြင်းကို ဖော်ပြပြီးသူများသည် ခရစ်ယာန် အသင်းတော် သင်းဝင်သူဖြစ်ဖို့ အရည်အချင်း ပြည့်မီကြောင်း ကနဦးအသင်းတော်က ဆုံးဖြတ်ပေးခဲ့သည်။

ထိုအရ ယုဒလူတို့နှင့် တပါးအမျိုး၊ နှစ်သင်းလုံးထံသို့ ခရစ်တော်သည် လူသားအားလုံး၏ အရှင်သခင် ဖြစ်ကြောင်း သတင်းကောင်း ဆင့်ဆိုခြင်းအား သူတို့၏ အလေ့အထအဖြစ် တမန်တော်တို့က ဖော်ဆောင်ခဲ့သည်။ ထို့ပြင် အသင်းတော် ဆက်လက်ကြီးပွားလာသည်နှင့်အမျှ နှစ်သင်းလုံး၏ ဆုကျေးဇူးများနှင့် အမှုတော်လုပ်ငန်းများကိုလည်း သူတို့အားလုံး လက်ခံခဲ့ကြသည်။ ကမ္ဘာတလွှား ဘုရားသခင့် နိုင်ငံတော် ဖြန့်ကျက်ရေးအတွက် အဓိကကျသော နည်းလမ်း တစ်ခုမှာ တပါးအမျိုး ခရစ်ယာန်တို့အား ပါဝင်စေခြင်း ဖြစ်ကြောင်းကိုလည်း သူတို့ မှန်ကန်စွာ နားလည်ခဲ့ကြသည်။ အမှန်စင်စစ် ဤအချက်သည် ဓမ္မဟောင်းတွင် ဘုရားသခင်ကတိပြုထားပြီး ဖြစ်သည့်အရာပင် ဖြစ်သည်။ ဤအချက်သည် မယုံကြည်သော ယုဒလူများနှင့် ကနဦး ခရစ်ယာန်တို့အကြား ပဋိပက္ခများစွာ ဖြစ်စေခဲ့သည်မှာ အံ့သြဖွယ်မဟုတ်ပါ။

ရှင်လုကာ စာရေးစဉ်ကာလ ဖြစ်ပျက်ခဲ့သည့် အချို့အကြောင်းအရာ အသေးစိတ်၊ သူလိပ်မူသော စာဖတ်ပရိသတ်၊ ရေးသားချိန် လူ့ဘောင် နောက်ခံတို့ကို သိရခြင်းသည် တမန်တော်ဝတ္ထုကို ကျွန်ုပ်တို့ လေ့လာရာ၌ အကြီးအကျယ် အထောက်အကူ ဖြစ်စေပါလိမ့်မည်။ ရှင်လုကာ ဖြေရှင်းခဲ့သော ပြဿနာများကို ပိုမိုနားလည်ပေးနိုင်ရေး၊ သူပေးခဲ့သော အဖြေများကို သဘောပေါက်ရေး၊ ယင်းတို့အား ယနေ့ကာလ ကျွန်ုပ်တို့ အသက်တာ၌ လက်တွေ့ အသုံးပြုရေးတို့အတွက်လည်း ကျွန်ုပ်တို့ အသင့်ရှိနေပြီး ဖြစ်ကြပါလိမ့်မည်။

ယခုတွင် တမန်တော် ဝတ္ထု ရေးသူ၊ သမိုင်းနောက်ခံတို့ကို လေ့လာပြီး ဖြစ်၍ တမန်တော် ဝတ္ထု၏ ဓမ္မပညာဆိုင်ရာ နောက်ခံ ဆိုသည့် တတိယ အဓိက ခေါင်းစဉ်ဆီ ကျွန်ုပ်တို့ လှည့်ကြပါမည်။

# ဓမ္မပညာဆိုင်ရာ နောက်ခံ

တမန်တော်ဝတ္ထုကို လေ့လာရာတွင် ဓမ္မပညာပိုင်းဆိုင်ရာ မေးခွန်းအများအပြား ရှိလာပါသည်။ ရှင်လုကာသည် သူ၏ ဓမ္မပညာ ရှုထောင့်များကို မည်သည့်နေရာက ဆည်းပူးရရှိခဲ့ပါသနည်း။ သူ့စာစောင်ထဲ ထည့်သွင်း ဆွေးနွေးမည့်အရာ၊ ချန်လှပ်ထားခဲ့မည့် အရာ များအား သူ မည်သို့ ဆုံးဖြတ်ပါသနည်း။ သူ့အရေးအသားကို မည်သည့် ခြုံငုံဥပဒေသများက ပဲ့ကိုင်ခဲ့ပါသနည်း။ ဟုတ်ပါပြီ။ အဆိုပါ မေးခွန်းများ အတွက် အဖြေများကို ရှင်လုကာ၏ ဓမ္မပညာဆိုင်ရာ နောက်ခံထဲတွင် ရှာတွေ့နိုင်ပါသည်။

တမန်တော် ဝတ္ထု ဓမ္မပညာဆိုင်ရာ နောက်ခံကို အပိုင်း သုံးပိုင်းခွဲပြီး ကျွန်ုပ်တို့ ဆွေးနွေးပါမည်။ ပထမအားဖြင့် ရှင်လုကာ၏ ဓမ္မပညာအုတ်မြစ်များအား ဓမ္မဟောင်းထဲမှာ ဖော်ထုတ်ကြည့်ပါမည်။ ဒုတိယအားဖြင့် ဘုရားသခင့် မေရှိယ နိုင်ငံတော် အကြောင်း သူ့ ယုံကြည်ချက်တို့က သူ့ဓမ္မပညာအပေါ် မည်သို့ သြဇာ ညောင်းနေခဲ့သည်ကို စဉ်းစားကြပါမည်။ နောက်ဆုံး တတိယအားဖြင့် ရှင်လုကာ ခရစ်ဝင်ကျမ်းက တမန်တော်ဝတ္ထု၏ သတင်းစကားကို ကျွန်ုပ်တို့အား မည်သို့ နားလည်လွယ်စေကြောင်း ကြည့်ကြပါမည်။ တမန်တော်ဝတ္ထု အခြေခံရာ ဓမ္မဟောင်းအုတ်မြစ်တို့ဖြင့် အစပြုကြပါစို့။

## ဓမ္မဟောင်းကျမ်း

အနည်းဆုံး ဆိုရလျှင် ရှင်လုကာ၏ အရေးအသားပေါ် ဓမ္မဟောင်း သြဇာညောင်းပုံ နှစ်ဖြာ ရှိသည်။ ပထမနေရာအားဖြင့် လူ့သမိုင်းအပေါ် ဓမ္မဟောင်း၏ ယေဘုယျ ရှုမြင်ပုံသည် ရှင်လုကာအပေါ် နက်ရှိုင်းစွာ သြဇာညောင်းနေသည်။ ပြီးလျှင် ဒုတိယနေရာအားဖြင့် ဣသရေလ သမိုင်းအပေါ် ဓမ္မဟောင်း၏ အထူးသီးသန့် ရှုမြင်ပုံသည် ရှင်လုကာအပေါ် နက်ရှိုင်းစွာ ရိုက်ခတ်နေသည်။ လူ့သမိုင်းအပေါ် ဓမ္မဟောင်း၏ ယေဘုယျ ရှုမြင်ပုံသည် ရှင်လုကာ၏ ဓမ္မပညာကို မည်သို့ ဖြည့်ဆည်းပေးထားကြောင်း ဦးစွာ ကြည့်ကြပါစို့။

### သမိုင်း

လူ့သမိုင်းအပေါ် ဓမ္မဟောင်း အမြင်သည် ခေတ်အဆက်ဆက် သမိုင်းဆရာ အမြောက်အများအပေါ် သြဇာညောင်းခဲ့ပြီးသား ဖြစ်သည်။ သာဓကဆိုရလျှင် *ပင်ရှီးစ်* ဟု အမည်ရသည့် စာအုပ်ထဲတွင် ၁၇ ရာစု ခရစ်ယာန် ဒဿနိကဆရာ ဘလေ့စ်ပတ်စ်ကယ်လ် က သမိုင်းအဆက်ဆက် လူသားတို့ သိမှတ်ဝန်ခံခဲ့သည့် အမှန်တရား အချက်အလက် သုံးခု အကြောင်း ပြောခဲ့သည်။ ပထမအားဖြင့် ဖန်ဆင်းခြင်း၏ ဘုန်းအသရေ၊ တင့်တယ်လှပခြင်းနှင့် တကွ ရှိရှိသမျှ ဘုရားသခင့် ဖန်ဆင်းခြင်းလက်ရာ ဖြစ်သောကြောင့် စကြဝဠာအတွင်း စိမ့်ဝင်ပျံ့နှံ့နေသည့် အံ့သြဖွယ်ရာများကို ညွှန်းဆိုရေးသားသည်။ ဒုတိယအားဖြင့် ဖန်ဆင်းခြင်း၏ မူလပထမ ဘုန်းအသရေနှင့် ပစ္စုပ္ပန် ဘဝ ဆင်းရဲနာကျင်ရမှု၊ ဆိုးညစ်ခြစားမှု အကြား ရှုပ်ထွေးဖွယ် ပဋိပက္ခ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အကြောင်း ပြောဆိုသည်။ တတိယအားဖြင့် အဆိုပါ ပဋိပက္ခ၏ အဖြေ၊ မျှော်လင့်ချက် တည်းဟူသော ရွေးနုတ်ခြင်း အကြောင်းကို ပြောဆိုသည်။

ပတ်စ်ကယ်လ်၏ ပြန်ပြောင်းဆင်ခြင်မှုတို့သည် ကမ္ဘာ့သမိုင်းအား ဖန်ဆင်းခြင်း၊ အပြစ်ထဲကျရှုံးခြင်း၊ ရွေးနုတ်ခြင်း ဟူ၍ ဓမ္မဟောင်းက ပိုင်းခြားထားပုံနှင့် တူညီနေကြောင်း တွေ့လွယ်ပါသည်။ တမန်တော် ဝတ္ထုမှာလည်း ဤနည်းနှင်နှင် သုံးကဏ္ဍ လူ့သမိုင်း အမြင်နှင့် ရှင်လုကာက မည်သို့ ပြန်ပြောင်းဆင်ခြင်ထားခဲ့ကြောင်း မြင်လွယ်ပါသည်။

ဖန်ဆင်းခြင်း ကာလကို ဦးစွာ ကြည့်ကြပါစို့။ ကမ္ဘာဦးကျမ်း အခန်းကြီး ၁ ထဲတွင် သူ့ ကောင်းကင်နိုင်ငံတော်၏ ချဲ့ထွင်မှု တစ်ခုအဖြစ် ကမ္ဘာကြီးကို ဘုရားသခင် ပြင်ဆင်ခဲ့သည်။ စကြဝဠာကို အစီအစဉ်ချ ပုံဖော်သည်။ ဒေင်အရပ်တွင် ပရဒိသုဘုံကို ထူထောင်သည်။ ယင်း ပရဒိသုဘုံထဲတွင် သူ၏ တော်ဝင် ပုံရိပ် ဖြစ်သည့် လူသားမျိုးနွယ်ကို နေရာချပေးသည်။ ထို့နောက် လူသားမျိုးနွယ်အား ဒေင်အရပ်မှစတင်ပြီး မြေကြီးစွန်းတိုင်အောင် များပြားစွာ မွေးဖွားရန်နှင့် မြေကြီးပေါ် အုပ်စိုးရန် ကိုယ်တော် မိန့်မှာသည်။ အတိုပြောရလျှင် ဘုရားသခင်သည် မြေကြီးပေါ်မှာ သူ့နိုင်ငံတော်ကို အပြည့်အဝ တိုးတက်ဖြစ်ထွန်းလာအောင် ရည်ရွယ် လမ်းခင်းခြင်း ဖြစ်သည်။

တမန်တော် ဝတ္ထုအတွင်း ဤသို့သောအရေးကြီး ဓမ္မဟောင်း အာဘော်ကို ရှင်လုကာ သတိပြုမိကြောင်း ထင်ရှားပြသည့် နေရာများစွာ ပါရှိသည်။ သာဓက ဆိုရလျှင် ၄း၂၄-၃၀ အတွင်း ဖန်ဆင်းခြင်းအား မြေကြီးပေါ် ဘုရားသခင် အုပ်စိုး စိုးစံသည့် အထောက်အထားအဖြစ် ပေတရုနှင့် ယောဟန်တို့က ရည်ညွှန်းပြောဆိုခဲ့သည်။ ၇း၄၉ တွင် သတေဖန်က ကမ္ဘာမြေကြီးအား ကိုယ်တော်၏ ခြေတင်ရာ ခုံအဖြစ် ဘုရားသခင် ဖန်ဆင်းခဲ့ကြောင်း ဖော်ပြခဲ့သည်။ တဖန် ၁၄း၁၅-၁၇ တွင်လည်း ဖန်ဆင်းခြင်းအား တိုင်းနိုင်ငံတို့အပေါ် ဘုရားသခင့် အုပ်စိုးခွင့်ရှိခြင်း၏ အခြေခံအဖြစ် ပေါလုနှင့် ဗာနဗတို့က ပြောဆိုခဲ့ပြန်သည်။ တမန် ၁၇း၂၄-၂၇ တွင် အာသင်လူတို့ကို ပေါလု ပြောဆိုရာ၌

> လောကဓာတ်မှစ၍ လောကဓာတ်၌ ရှိလေသမျှသော အရာတို့ကို
> ဖန်ဆင်းတော်မူသော ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို
> ဖန်ဆင်းတော်မူသော အရှင် ဖြစ်၍ .......... လူအမျိုးမျိုးတို့ကို တသွေးတည်းဖြင့်
> ဖန်ဆင်းတော်မူ၍ ......... အကြောင်းမူကား လူတို့သည် ဘုရားသခင်ကို
> ရှာစမ်းသဖြင့် တွေ့ကောင်းတွေ့ကြလိမ့်မည် အကြောင်းတည်း။
> သို့ဆိုသော်လည်း ဘုရားသခင်သည် ငါတို့တွင် အဘယ်သူနှင့်မျှ ဝေးတော်မူသည်
> မဟုတ် (တမန် ၁၇း၂၄း-၂၇)။

ဤကျမ်းပိုဒ်အရ ရှင်ပေါလု၏ သတင်းကောင်း ဆင့်ဆိုမှု သာသနာကျောရိုးသည် ဖန်ဆင်းခြင်း အပေါ်မှာသာ တလျှောက်လုံး ရှိနေသည်။ ဘုရားသခင်သည် "လောကဓာတ်နှင့် လောကဓာတ်၌ ရှိလေသမျှသော အရာတို့ကို ဖန်ဆင်းတော်မူသော အရှင်" ဖြစ်သည်။ "လူတို့သည် ဘုရားသခင်ကို ရှာစမ်းသဖြင့် တွေ့ကောင်း တွေ့ကြ" လိမ့်မည် ဆိုသည်ကို ရည်ရွယ်၍ လောကဓာတ်ကို ကိုယ်တော်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အစီအစဉ်ချ ပုံဖော်ခြင်း ဖြစ်သည်။ ပေါလု၏ သတင်းကောင်း အမှုတော်သည် ဖန်ဆင်းခြင်း၌ ဘုရားသခင် ပြဌာန်းခဲ့သည့် ရည်ရွယ်ချက်များထဲက ပေါ်ထွက်ခဲ့သည်။

သူ့စာစောင်ထဲ ယင်းတို့အား အသေးစိတ်ထည့်သွင်းခြင်းဖြင့် ကနဦးအသင်းတော်ကို ကိုယ်တိုင်ကိုယ်ကျ သိနားလည်ရေးအတွက် ဖန်ဆင်းခြင်း အာဘော်သည် အရေးပါကြောင်း လုကာ ညွှန်ပြခဲ့သည်။ များစွာ အလားတူပင် အပြစ်ထဲ လူသားမျိုးနွယ် ကျရှုံးခဲ့ကြောင်း လုကာ သတိပြုမိပုံကိုလည်း တမန်တော် ဝတ္ထုမှာ ရှေ့တန်းတင်ထားသည်။

လူသားမျိုးနွယ်ကို ဘုရားသခင် ဖန်ဆင်းပြီးနောက် အာဒံနှင့် ဧဝတို့ ကိုယ်တော်ကို ပုန်ကန်ခဲ့ကြောင်း ကမ္ဘာဦး အခန်းကြီး ၃ ၏ သွန်သင်ချက်ကို ကျွန်ုပ်တို့ သိကြသည်။ ဤပုန်ကန်မှု၏ ရိုက်ခတ်မှုသည် အလွန်ပင် ကြီးမားလှသည်။ ဓမ္မဟောင်းအရ လူသားမျိုးနွယ်၏ ကဏ္ဍသည် မြေကြီးပေါ်တွင် အချက်အချာ ကျလွန်းသည်ဖြစ်ရကား အပြစ်ထဲ လူ ကျရှုံးခြင်းသည်လည်း လူသားမျိုးနွယ်တရပ်လုံးကို သေခြင်း အမင်္ဂလာအောက် ရောက်စေခဲ့ပြီး ဖန်ဆင်းခြင်း ရှိသမျှကိုပါ ပျက်ဆီး ယိုယွင်းစေခဲ့သည်။

တမန်တော် ဝတ္ထု တလျှောက် နေရာများစွာ၌ အပြစ်ကြောင့် နာကျင်ဆင်းရဲရခြင်းများကို လုကာ ရေးခဲ့သည်။ ၂း၃၈ နှင့် ၃း၁၉ ပါ ပေတရု ဒေသနာများထဲတွင်၎င်း၊ ၅း၂၉-၃၂ ပါ လွှတ်တော် ရှေ့မှောက် တမန်တော်တို့ ခုခံကာကွယ်ရာတွင်၎င်း၊ ၂၀း၁၈-၃၅ ပါ ဧဖက် သင်းအုပ်တို့အား ပေါလု ပြောသည့် စကားများတွင်၎င်း၊ ၂၆း၂၀ ပါ အဂြိပ္ပမင်းကြီးရှေ့မှောက် ပေါလု လျှောက်တင်သည့် စကားများတွင်၎င်း လူ့ကျရှုံးခြင်းအကြောင်း ရည်ညွှန်းချက်များကို တွေ့ရသည်။ ရုပ်လောက၊ စီးပွားရေး အဆောက်အအုံ၊ နိုင်ငံရေး စနစ် သာမက အသင်းတော်ထိတိုင်အောင် ဖန်ဆင်းခြင်းရှိသမျှတို့ ဆင်းရဲဒုက္ခခံရခြင်းသည် အပြစ်ထဲ လူကျရှုံးခဲ့မှုကြောင့် ဖြစ်ကြောင်း တမန်တော်ဝတ္ထုက အကြိမ်ကြိမ် သာဓကဆောင် ထင်ရှားပြခဲ့သည်။

ဖန်ဆင်းခြင်းနှင့် ကျရှုံးခြင်းတို့ကို လုကာ သတိပြုမိခဲ့သည်သာမက ရွေးနှုတ်ခြင်းဆိုင်ရာ ဓမ္မဟောင်း သွန်သင်ချက်ကိုလည်း သူခံယူထားကြောင်း တမန်တော်ထဲက သူ့သမိုင်းကြောင်းအမြင်က ပြနေသည်။ အပြစ်ကြောင့် လူသားမျိုးနွယ်နှင့် ဖန်ဆင်းခြင်းတို့ ပျက်ဆီးယိုယွင်းခဲ့ရခြင်းသည် ဆိုးရွားကြောက်မက်ဖွယ်ရာ ကောင်းသလောက် ဘုရားသခင်သည်လည်း လောကကြီးကို မျှော်လင့်ရာမဲ့ ပစ်ပယ်မထားခဲ့ကြောင်း လုကာ သိခဲ့သည်။

ဤလောကသို့ အပြစ်တရား မူလပထမ စဝင်ချိန်ကတည်းက ဘုရားသခင်သည် လူတို့အား အပြစ် ကျိန်ခြင်းမှ ကယ်တင် (ဝါ) ရွေးနှုတ်နေခဲ့ကြောင်း ဓမ္မဟောင်းကျမ်းက သွန်သင်သည်။ သို့သော် ထိုမျှမက အပြစ်နှင့် ကျိန်ခြင်း အမင်္ဂလာတို့အား ဖန်ဆင်းခြင်းထဲမှ လုံးလုံးပယ်ရှင်းမည့် အချိန် ရောက်လာမည့်အကြောင်းကိုလည်း ဓမ္မဟောင်း ပရောဖက်တို့က ကြိုတင်ဟောပြောခဲ့ကြသည်။ ထိုကာလတွင် ကောင်းကင်ဘုံတွင် ဖြစ်သည့်အတိုင်း ဘုရားသခင့်နိုင်ငံတော်သည် မြေကြီးပေါ် ရောက်လာမည် ဖြစ်သည်။

ခရစ်တော်၏ ကယ်တင်ခြင်းအမှုအားဖြင့် လောကသို့ အဆိုပါ ရွေးနုတ်ခြင်း ရောက်လာမည့် အကြောင်း သူ့ယုံကြည်ချက်အား တမန်တော် ဝတ္ထုထဲ၌ မကြာခဏ လုကာ ပြသခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤအာဘော်အား တမန်တော် ဝတ္ထု တလျှောက် တွေ့ရသည်။ နေရာအနည်းငယ် ဖော်ပြရလျှင် ၂း၂၁ နှင့် ၂း၁၄ ပါ ပေတရု ဒေသနာများတွင်၎င်း၊ ၅း၂၉-၃၂ ပါ လွှတ်တော် ရှေ့မှောက် တမန်တော်များ ခုခံကာကွယ်ကြရာတွင်၎င်း၊ ၁၁း၁၄ ပါ ကောင်းကင်တမန် က ကောနေလိသို့ ပြောစကားများတွင်၎င်း၊ ၁၃း၂၃ ပါ ပိသိဒိ အန္တိအုတ်တရားဇရပ်၌ ပေါလုဟောသောဒေသနာတွင်၎င်း၊ ၁၅း၇-၁၁ ပါ ယေရုရှလင်ကောင်စီ၌ ပေတရု တင်ပြချက်တွင်၎င်း၊ ၁၆း၃၀-၃၁ ပါ ဖိလိပ္ပိ ထောင်မှူးသို့ ပေါလုနှင့် သိလ ပြောစကားများတွင်၎င်း တွေ့ရသည်။

လူ့လောက သမိုင်းကြောင်းသည် မြေကြီးကို ဖြည့်ရန် ဘုရားသခင့် နိုင်ငံတော် ဖြန့်ကျက်မှု၏ သမိုင်းကြောင်းပင် ဖြစ်သည် ဆိုသည့် ဓမ္မဟောင်းအမြင်က လုကာအပေါ် နက်ရှိုင်းစွာ သြဇာညောင်းနေကြောင်း ကျွန်ုပ်တို့ တွေ့နိုင်သည်။ ထိုအကြောင်းကြောင့်ပင် ဖန်ဆင်းခြင်းမှသည် အပြစ်ထဲကျရှုံးခြင်းနှင့် ခရစ်တော်၌ ရွေးနုတ်ခြင်းအထိ ကျယ်ပြန့်သော ကမ္ဘာ့သမိုင်း အတိုင်းအရှည် အပေါ် ပြန်ဆင်ခြင်သုံးသပ်ထားသည့် ပထမရာစုနှစ် အခိုက်အတန့်များကို မကြာခဏ မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်သည်။

> ဤခရစ်ယာန် ယုံကြည်ခြင်းသည် အသစ်ဖော်ပြချက်တစ်ခု ဖြစ်နိုင်သော်လည်း အမှန်စစ်စစ်တွင် ရှေးပရောဖက်များအားဖြင့် ပေးခဲ့သည့်အရာ၊ သူတို့ကို ဘုရားသခင် တိုက်တွန်းရေးသားစေခဲ့ပြီး မျှော်လင့်စေသော အရာ၏ ဆက်လက်ဖြစ်ပေါ်မှု၊ ပြီးပြည့်စုံမှုသာ ဖြစ်ကြောင်း၊ ပင်တေကုတ္တေနေ့ ပေတရုဟောသော ဒေသနာ၊ သူနှင့် ယောဟန်တို့ အဖမ်းခံရချိန် လွှတ်တော်သို့ ပေတရုစကားပြောစဉ် ပေတရုနှင့် ယောဟန်တို့၏ ခုခံကာကွယ်မှု၊ ယေရှုသည် စစ်စစ်အားဖြင့် ကြိုတင်ပရောဖက်ပြုထားသည့် မေရှိယ ဖြစ်သည် ဆိုသည့်အချက်အတွက် ပေါလု တင်ပြချက်အပေါ် ကျွန်ုပ်တို့၏ ရှုမြင်ပုံ စသည် တို့၌ ပဋိညာဉ်ဟောင်းနှင့် ပြန်လည် ချိတ်ဆက်ပေးခြင်းသာ ဖြစ်ကြောင်း ရှင်လုကာက အထူးတလည် ဂရုစိုက်ကာ ပြဆိုခဲ့သည်။ အဆိုပါ တင်ပြချက်အားလုံး နှင့် ဆင့်ဆိုချက်များ၌ ဟောဖြကျမ်းကပေးသော သက်သေ အထောက်အထားများ ပါရှိသည်။ သို့ဖြစ်၍ ထိုအရာသည် ရှင်လုကာအဖို့ မလုပ်မဖြစ်သည့် အရာ ဖြစ်သည်။ ၎င်းသည် ခရစ်ယာန် ယုံကြည်ခြင်းတရားအား ရှေးရှေး အရာနှင့် ချိတ်ဆက်ထားသည်။ ၎င်းသည် အယူဝါဒသစ်တခု မဟုတ်ပါ။ ၎င်းသည် မူလပထမ ယုံကြည်ခြင်း၏ ဆက်လက်ဖြစ်ပေါ်မှုသာ ဖြစ်တော့သည်။

**Dr. John Norwood**



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယခုတွင် လူ့သမိုင်းကြောင်းအပေါ် ဓမ္မဟောင်း၏ ယေဘုယျ ရှုမြင်ပုံကို လေ့လာပြီးဖြစ်၍ ဣသရေလ သမိုင်းကြောင်းအပေါ် ဓမ္မဟောင်း၏ တသီးတသန့် ရှုမြင်ပုံဆီသို့ရှင်း၊ တမန်တော် ဝတ္ထုထဲ၌ ဤသမိုင်းအမြင်အပေါ် ရှင်လုကာ၏ မှတ်တမ်းများ အခြေတည်ပုံဆီသို့ရှင်း လှည့်ကြပါစို့။

## ဣသရေလ

တမန်တော် ဝတ္ထုကို ရေးရာ၌ ဓမ္မဟောင်းကျမ်းလာ ဣသရေလ သမိုင်းအပေါ် အကြိမ်ကြိမ်အခါခါ ရှင်လုကာ မှီငြမ်းခဲ့သည်။ သို့သော် ရှင်လုကာ သမိုင်းအမြင်ကို ဖြည့်ဆည်းပေးသည့် အာဗြဟံ၊ မောရှေ၊ ဒါဝိဒ် ဟူသော ဓမ္မဟောင်း ပုဂ္ဂိုလ် သုံးဦးအကြောင်းကိုသာ ကျွန်ုပ်တို့ ကန့်သတ်ဆွေးနွေးပါမည်။ အာဗြဟံ အကြောင်းကို ဤစကားများဖြင့် ကမ္ဘာ ၁၂း၁-၃ တွင် မှတ်တမ်းတင်ထားသည်။

> သင်၏ ပြည်နှင့်တကွ အမျိုးသားချင်း ပေါက်ဖော်များထဲက ထွက်ပြီးလျှင် ငါပြလတံ့သော ပြည်သို့ သွားလော့။ ငါသည် သင့်ကို လူမျိုးကြီး ဖြစ်စေမည်။ ငါကောင်းချီးပေး၍ သင်၏ နာမကို ကြီးမြတ်စေမည်။ သင်သည် ကောင်းချီးခံရသောသူ ဖြစ်လိမ့်မည်။ သင့်ကို ကောင်းချီးပေးသောသူကို ငါကောင်းချီးပေးမည်။ သင့်ကို ကျိန်ဆဲသောသူကို ငါကျိန်ဆဲမည်။ သင်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကို ခံရကြလိမ့်မည် (ကမ္ဘာ ၁၂း၁-၃)။

အဆိုပါကျမ်းချက်များအရ အာဗြဟံကို ဘုရားသခင် ဆင့်ခေါ် ခဲ့သည်။ ထိုစဉ်က "အာဗြံ" ဟုသာ တွင်သေးသည်။ သူ့အား အဓိက ရည်ရွယ်ချက် နှစ်ခုအတွက် ကတိတော်နယ်မြေသို့ သွားခိုင်းခဲ့သည်။ တဖက်တွင် အာဗြဟံသည် "လူမျိုးကြီး တစ်ခု" ကို မွေးထုတ်ပေးလိမ့်မည်၊ ကျော်စော ထင်ရှားလာမည်၊ များစွာသော ဝိညာဉ်ကောင်းချီး၊ ခန္ဓာ ကောင်းချီးများ ရရှိလိမ့်မည် ဖြစ်သည်။ အာဗြဟံနှင့် သူ့နောက်လာမည့် သားမြေးများအတွက် ဘုရားသခင့် ကောင်းချီးမင်္ဂလာတို့သည် ယခု ကျူရှုံးပြီး လူ့ဘောင်မှာပင်လျှင် ဘုရားသခင့် ကယ်တင်ခြင်းအတွက် မျှော်လင့်ရာ ရှိနေကြောင်း သင်္ကေတသဘော ထင်ရှားပြသချက်များ ဖြစ်ကြသည်။ သို့သော် အခြားတဖက်တွင်မူ ဘုရားသခင့် ဆင့်ခေါ် ခြင်းသည် အာဗြဟံနှင့်သူ့သားမြေးတို့ ရရှိမည့်အရာထက် များစွာ ကျော်လွန်နေသည်။ အာဗြဟံအားဖြင့် "လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကို ခံကြရလိမ့်မည်" ဖြစ်သည်။

တမန်တော် ဝတ္ထုအတွင်း ရှင်လုကာ၏ အတွေးအခေါ် အများစုသည် အာဗြဟံကို ဘုရားသခင်ရွေးချယ်ရာ၌ ဤသို့သော နှစ်ထပ်ကွမ်း ရည်ရွယ်ချက် ထားရှိပုံကို မီးမောင်းထိုးပြနေသည်။ တဖက်တွင် ခရစ်တော်၌ ကယ်တင်ခြင်း ကောင်းချီးမင်္ဂလာသည် ကြီးမြတ်သော လူမျိုးစုခေါင်းဆောင်သို့ ဘုရားသခင်ပြုခဲ့သည့် ကတိတော်ကို ဖြည့်ဆည်းရင်း အာဗြဟံ သားမြေးဖြစ်သော ယုဒလူတို့ထံ မည်သို့ ရောက်လာကြောင်း ရှင်လုကာက မကြာခဏ အစီရင်ခံသည်။ သို့သော် တဖက်တွင်မူ ယုဒခရစ်ယာန်တို့က တပါးအမျိုးသားတို့ထံ မည်သို့ သတင်းကောင်း ယူဆောင်လာကြောင်းကိုလည်း



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရှင်လုကာ စူးစိုက်ထားပြန်သည်။ တမန်တော် ဝတ္ထုအတွင်း မကြာခဏဆိုသလို ဖိလိပ္ပု၊ ပေတရု၊ ပေါလုနှင့် ဗာနဗတို့လို ယုဒလူများက တပါးအမျိုးသားများထံ ကယ်တင်ခြင်း သတင်းကောင်း ပို့ဆောင်ပေးကြောင်း အစီရင်ခံထားသည်။ ဤအရာသည်လည်း အာဗြဟံသို့ ဘုရားပေးသော ကတိတော်ကို ပြည့်စုံစေခြင်း ဖြစ်သည်။

ဒုတိယအားဖြင့် တမန်တော် ဝတ္ထုအတွင်း လုကာ၏ အမြင်က မောရှေကာလနှင့် ခရစ်ယာန် အသင်းတော်တို့အကြား ဆက်နွယ်မှုကို သူမည်သို့ နားလည်ထားကြောင်း ပြသနေသည်။ မောရှေသည် ဘုရားသခင်အသုံးပြုသော ကယ်တင်ရှင်အနေနှင့် ဣသရေလအား အဲဂုတ္တုမှ ကယ်နုတ်ကာ ဘုရားသခင့် ပညတ်တော်ကို လူထုထံ တင်ဆက်ပေးခဲ့သည်။ ပညတ်တော် အတိုင်း လိုက်နာရန် ဣသရေလ အမျိုးသားတို့အား တာဝန်ယူမှု ရှိစေခဲ့သည်။ အဆိုပါ ပညတ်တော်ထဲမှာပင် အပြစ် ကျွန်ဘဝမှ သူ့လူတို့ကို ရွေးနုတ်ရန် ဘုရားသခင်သည် မောရှေနှင့် အလားတူ ပရောဖက်တစ်ပါးကို နောင်အခါ စေလွှတ်လိမ့်မည် ဖြစ်ကြောင်း မောရှေ ပရောဖက် ပြုခဲ့သည်။ တမန်တော်ဝတ္ထုထဲ ရှင်လုကာ ပြည့်နှံချက်အရ မောရှေနှင့် တူသော ပရောဖက်သည် ယေရှု ဖြစ်ခဲ့သည်။ တမန် ၇း၃၇-၃၉ ၌ သတေဖန်၏ ပြောစကားများကို လုကာ မှတ်တမ်းတင်ခဲ့သည်။

> "ဘုရားသခင်သည် သင်တို့အမျိုးသားချင်းတို့ အထဲ၌ ငါနှင့်တူသော ပရောဖက်တစ်ပါးကို သင်တို့အဖို့ ပေါ်ထွန်းစေတော်မူမည်" ထိုသူသည် တောတွင် ရှိသော အစည်းအဝေး၌၎င်း၊ သိနာတောင်ပေါ်မှာ သူ့ကို နှုတ်ဆက်သော ကောင်းကင်တမန်နှင့်၎င်း၊ ငါတို့ အဘများနှင့်၎င်း အတူရှိ၏။ ထိုသူသည် ငါတို့အား အပ်ပေးခြင်းငှာ အသက်ရှင်စေသော ဗျာဒိတ်တော်ကို ခံလေ၏။ ထိုသူ၏ စကားကို ငါတို့အဘများသည် နားမထောင်လိုဘဲလျက် ပယ်၍ အဲဂုတ္တုပြည်သို့ ပြန်ချင်သောစိတ်နှင့် အာရုန်ကို ပြောဆိုကြ၏ (တမန် ၇း၃၇-၃၉)။

သတေဖန် အလိုအရ ယေရှုသည် တရား ၁၈း၁၅ တွင် မောရှေ ကြိုတင်ပရောဖက်ပြုထားခဲ့ပြီး ဖြစ်သည့် ပရောဖက် ပင် ဖြစ်သည်။ ထို့ကြောင့် ယေရှုကို ငြင်းပယ်ခြင်းသည်လည်း ရှေး ဣသရေလ အမျိုးသားများ ပြုခဲ့သည့်နည်းတူ မောရှေနှင့် ပညတ္တိကျမ်းကို ငြင်းပယ်ခြင်းပင် ဖြစ်သည်။ မောရှေနှင့် ပညတ္တိကျမ်းအား အမှန်တကယ် ဝန်ခံအပ်နှံရမည် ဆိုပါက မည်သူမဆို ယေရှုကို လက်ခံယုံကြည်ရမည် ဖြစ်သည်။ တမန်တော် ၂၈း၂၃ တွင် ယုဒခေါင်းဆောင်များသို့ ပေါလုပြောဆိုခဲ့သည့် စကားများအား လုကာ မည်သို့ အကျဉ်းချုပ်ထားသည်ကို စဉ်းစားကြည့်ပါ။

> ပေါလုသည် ဘုရားသခင့် နိုင်ငံတော် အကြောင်းကို သက်သေခံသဖြင့်၎င်း၊ ထိုသူတို့သည် ယေရှု၏ အကြောင်းများကို မောရှေ၏ ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့ကို အမှီပြု၍ ဖြားယောင်းသွေးဆောင်သဖြင့်၎င်း နံနက်အချိန်မှစ၍ ညအချိန်တိုင်အောင် ထုတ်ဖော် ဟောပြောလေ၏ (တမန် ၂၈း၂၃)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပေါလုနှင့် ကျန်သည့် ကနဦးအသင်းတော် တစ်ခုလုံးအတွက် ခရစ်တော်၌ ယုံကြည်ခြင်းရှိလာဖို့ အုတ်မြစ်သည် မောရှေနှင့် ပညတ္တိကျမ်းတို့ကို လက်ခံခြင်းပင် ဖြစ်သည်။ ဤယုံကြည်ချက်သည်လည်း တမန်တော်ထဲက လုကာ ရေးသားချက် တို့အပေါ် ဩဇာညောင်းခဲ့သည်။

တတိယအနေဖြင့် ဒါဝိဒ် နန်းဆက်အကြောင်း ဓမ္မဟောင်း မှတ်တမ်းက လုကာအပေါ် ဩဇာညောင်းခဲ့သည်။ ဒါဝိဒ် မင်းမျိုးကို ထူထောင်ခြင်း အာဘော်ထက် ပိုအရေးပါသော ဓမ္မဟောင်း အာဘော်မျိုး လုကာအတွက် စိတ်ကူး၍ပင် မရနိုင်ပါ။ ဓမ္မဟောင်း၌ အင်ပါယာတစ်ခုအဖြစ် ဣသရေလတို့ ကြီးထွား လာသည့်အခါ သူ့လူတို့ကို ဦးဆောင်ရန် ဒါဝိဒ်အိမ်တော်သားများအား ထာဝရ နန်းဆက်အဖြစ် ဘုရားသခင် ရွေးကောက်ခဲ့သည်။ သို့သော် ဣသရေလတိုင်း မှသည် မြေကြီးစွန်းတိုင်အောင် ဘုရားသခင့် အုပ်စိုးမှုကို ဒါဝိဒ်မင်းမျိုးက တိုးချဲ့မည့် နေ့ရက်အား ဓမ္မဟောင်းကလည်း မျှော်လင့်စောင့်မျှော်နေခဲ့သည်။ ဆာလံ ၇၂း၈ နှင့် ၇၂း၁၇ တို့ကို ဖတ်ပါက

> (ဒါဝိဒ်၏ သားတော်သည်) ပင်လယ်တပါးမှ တပါးတိုင်အောင်၎င်း၊ မြစ် မှသည် မြေကြီးစွန်းတိုင်အောင်၎င်း အစိုးရတော်မူလိမ့်မည်။ .... ကျေးဇူးတော်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကို ခံရကြ၍ မင်္ဂလာ ရှိတော်မူသည်ဟု ချီးမွမ်းကြလိမ့်မည် (ဆာလံ ၇၂း၈၊ ၁၇)။

အဆိုပါ ကျမ်းချက်တို့က ဖော်ပြနေသလို ကမ္ဘာလောကကြီးအတွက် အာဗြဟံက ကောင်းချီး ဖြစ်လာဖို့သည် ဒါဝိဒ် မင်းမျိုး အားဖြင့်သာ ဖြစ်သည်။ သို့သော် ဒါဝိဒ်သည် ဤတာဝန်ကို သူ့ဘာသာသူ ပြီးမြောက်စေလိမ့်မည် မဟုတ်ပေ။ ထိုအစား သူ့သားမြေးတစ်ဦးသည် ကမ္ဘာလောကတစ်ခွင်လုံး၌ သူ၏ ကောင်းကျိုးပြုသော၊ ငြိမ်ဝပ်ခြင်းပေးသော၊ ဖြောင့်မတ်သော အုပ်စိုးခြင်းကို တိုးချဲ့ဖြန့်ကျက်ရန် ရှင်ဘုရင် ဖြစ်လာရမည် ဖြစ်သည်။

တမန်တော် ဝတ္ထုထဲတွင် ရှင်လုကာသည် ဒါဝိဒ်မင်းမျိုး၌ ထားရှိသော မျှော်လင့်ချက်အပေါ် နက်ရှိုင်းစွာ မှီခိုထားသည်။ ဣသရေလသည် နှစ် ရာပေါင်းများစွာ ဘုရားသခင့် တရားစီရင်ချက်အောက် ကျရောက်ခဲ့ကြောင်း သူသိသည်။ သို့တစေ ယေရှုသည် စုံလင်ပြည့်ဝသော ဖြောင့်မတ်ခြင်းရှိသည့် ဒါဝိဒ်၏ သားတော်ဖြစ်ကြောင်း သူ နားလည်သည်။ ကိုယ်တော်သည် အသင်းတော်ထဲ၌ အထူးသဖြင့် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုဆောင်ပေးမှုဖြင့် ယေရုရှလင်မှသည် မြေကြီးစွန်းတိုင်အောင် ကိုယ်တော်၏ အုပ်စိုးမှုကို ဖြန့်ကျက်တိုးချဲ့မည့် ဘုရားသခင့် နိုင်ငံတော်၏ တော်ဝင် အုပ်စိုးသူ ဖြစ်သည်။ သာဓကေ ဆိုရလျှင် တမန်တော် ၁၅း၁၄-၁၈ ပါ ယေရုရှလင် ကောင်စီ၌ ယာကုပ်ပြောဆိုသည့် စကားများ ကို နားထောင်ကြည့်ပါ။

> ဘုရားသခင်သည် မိမိနာမအဖို့ တပါးအမျိုးသားတို့အထဲက အချို့သောသူတို့ကို နှုတ်ယူခြင်းငှာ ရှေးဦးစွာ တပါးအမျိုးသားတို့ကို အကြည့်အရှု ကြွလာတော်မူသည်။ ထိုအကြောင်းအရာသည်လည်း ပရောဖက်တို့၏ စကားနှင့် ညီ၏။ ကျမ်းစာလာသည်ကား ငါ၏နာမဖြင့် သမုတ်သော

> တပါးအမျိုးသား အပေါင်းတည်းဟူသော ကျန်ကြွင်းရစ်သောသူတို့သည် ထာဝရ ဘုရားကို ရှာစေခြင်းငှာ နောက်မှ ငါပြန်လာမည်။ လဲလျက်ရှိသော ဒါဝိဒ်၏ တဲကို ဆောက်တည်ပြန်မည်။ ပြိုပျက်ရာများကိုလည်း ပြုပြင်ပြီးလျှင် ထိုတဲကို မတ်စေပြန်မည်ဟု ဤအမှုအရာတို့ကို စီရင်တော်မူသော ထာဝရ ဘုရား၏ ဗျာဒိတ်တော်ရှိ၏ဟု လာသတည်း (တမန် ၁၅း၁၄-၁၈)။

ဤနေရာတွင် ရှင်ယာကုပ်က အာမုတ် ၉း၁၁-၁၂ ကို ကိုးကားထားသည်။ ဘုရားသခင့် တရားစီရင်ချက်ကို ကြာသရေလတို့ ခံယူပြီးသည့်နောက် ဘုရားသခင်သည် ဒါဝိဒ်၏ နန်းဆက်ကို ပြန်တည်မြဲစေပြီး တပါးအမျိုးသားတို့အပေါ် သူ့အုပ်စိုးမှုကို တိုးချဲ့ဖြန့်ကျက်မည် ဖြစ်သည့် အကြောင်း အာမုတ်က ကြိုတင် ဟောပြောထားသည်။ ဤနေရာတွင် ယာကုပ် ပြည့်စွန်သလို တပါးအမျိုးသားများကြား သတင်းကောင်း၏ အောင်မြင်မှုသည် အဆိုပါ ဓမ္မဟောင်း မျှော်လင့်ချက်များ၏ ပြည့်စုံချက်ပင် ဖြစ်သည်။

> ဓမ္မဟောင်းထဲက ဘုရားသခင့်နိုင်ငံတော်သည် ယုဒ စာပေ၊ ဓမ္မဟောင်း စာပေတို့၌ အမှန်တကယ်ပင် ဒါဝိဒ် နိုင်ငံတော်နှင့် ဆက်နွယ်သည်။ ယေရှု အထပ်ထပ် ပြောဆိုသည့် စကားစုတစ်ခုမှာ ဘုရားသခင့် နိုင်ငံတော် ဝင်ခွင့်ရခြင်း၊ နိုင်ငံတော်ထဲ အမှန်တကယ် ရှိနေခြင်း ဆိုသည်မှာ အဘယ်အရာကို ဆိုလိုကြောင်းနှင့် နိုင်ငံတော်ဆိုသည်မှာ အဘယ်အရာကို ဆိုလိုကြောင်းတို့ ဖြစ်ကြသည်။ ဤအရာကို ရှင်မဿဲက အခြားသော ခရစ်ဝင်ကျမ်းတို့ ဖွင့်ဆိုသည်ထက် အနည်းငယ် ပိုမို ချဲ့ထွင် ဖွင့်ဆိုပေးသည်။ သို့သော် ယေရှုနောက်သို့ လိုက်သူတို့သည် ယခုပင် နိုင်ငံတော်ထဲ ဝင်ရောက်ကြသည် ဟု အဓိက ပြောလိုရင်း ဖြစ်သည်။ သူတို့သည် နိုင်ငံတော်ထဲတွင် ရှိနေကြသည်။ လူ့အမြင် ဆိုရလျှင် နိုင်ငံတော်သည် အသင်းတော် ဖြစ်လာသည်။
>
> **Dr. Daniel Steffen**

ယေရှုသည် အာဗြဟံသို့ ကတိထားခဲ့သော အမွေခံ၊ မောရှေနှင့် တူသော ပရောဖက်၊ နောက်ဆုံး ဒါဝိဒ်မင်းဆက်ဖြစ်ကြောင်း သူ့ပရိသတ်တို့ကို သိစေလိုခဲ့သည်။ ယေရှုသည် ဒါဝိဒ်၏ ထီးနန်းကို ဆက်ခံခဲ့ပြီးနောက် သတင်းကောင်း ဆင့်ဆိုခြင်း၊ အသင်းတော် ကြီးထွားခြင်းများအားဖြင့် လောကကို သိမ်းပိုက်နေဆဲ ဖြစ်သည်။ ဓမ္မဟောင်းက ကြိုတင်ဟောပြောထားခဲ့ပြီး ဖြစ်သလို ယေရှုရှင်မှစ၍ မြေကြီးစွန်းတိုင်အောင် သူ၏ ကယ်တင်ခြင်း နိုင်ငံတော်ကို တိုးချဲ့ဖြန့်ကျက်လျက်ရှိသည်။

ဓမ္မဟောင်းအပေါ် ရှင်လုကာအမြီသဟဲပြုပုံကို လေ့လာပြီးသည့်နောက် ဘုရားသခင့် မေရှိယ နိုင်ငံတော်သည် တမန်တော် ဝတ္ထု ဓမ္မပညာ နောက်ခံအား မည်သို့ ဖြည့်ဆည်းပံ့ပိုးပေးကြောင်း ကျွန်ုပ်တို့ လေ့လာကြပါမည်။

# ဘုရားသခင်၏ နိုင်ငံတော်

ဘုရားသခင်၏ နိုင်ငံတော်အား သုံးပိုင်းခွဲ၍ ဆွေးနွေးကြပါမည်။ ပထမဦးစွာ နိုင်ငံတော်ဆိုင်ရာ ယုဒ ဓမ္မပညာကို စဉ်းစားကြပါမည်။ ဒုတိယအားဖြင့် ဗတ္တိဇံဆရာ ယောဟန်၏ ဓမ္မပညာ အပေါ် စူးစိုက်ကြပါမည်။ ထို့နောက် တတိယအားဖြင့် အဆိုပါ ဓမ္မပညာအမြင်သုံးခုအား ခရစ်ယာန် ဓမ္မပညာဖြင့် အတိုချုံး နိုင်းယှဉ်ကြည့်ကြပါမည်။ ယုဒဓမ္မပညာဖြင့် အစပြုကြပါစို့။

## ယုဒ ဓမ္မပညာ

ဘီစီ ငါးရာစုအတွင်း ဓမ္မဟောင်းကျမ်း၏ နောက်ဆုံးကျမ်းရေးသားပြီးသည့်နောက် ဣသရေလသည် ဝိညာဉ်ရေး အမှောင်ဖုံးနေသော ကာလထဲသို့ ဝင်ရောက်သွားခဲ့သည်။ နှစ်ရာပေါင်းများစွာကပင် ဣသရေလ အမျိုး လူထု အများစုသည် ကတိတော်ပြည် ပြင်ပတွင် နေထိုင်ခဲ့ကြသည်။ တိုင်းပြည်တွင်း၌ ကျန်ခဲ့သောသူများသည် တပါးအမျိုးသားအုပ်စိုးရှင်များ၏ ဖိနှိပ်ချုပ်ချယ်မှုအောက်တွင်နေကြရသည်။ အစပိုင်းတွင် ဗာဗုလုန်လူမျိုး၊ ထို့နောက် မေဒိ၊ ပါရှန်၊ ဂရိ၊ နောက်ဆုံးတွင် ရောမတို့ လက်အောက် ဆင်းရဲခံခဲ့ကြရသည်။ ဤရှည်လျားလှသော ဆင်းရဲဒုက္ခခံရာ သမိုင်းကြောင်း တလျှောက် သစ္စာရှိသော ဣသရေလအမျိုးသားတို့သည် မေရှိယကြွလာပြီး မြေတပြင်လုံး၌ ဘုရားသခင့် နိုင်ငံတော် တည်ထောင်မည် ဆိုသည့် မျှော်လင့်ချက်ကို ဘယ်သောအခါမျှ မစွန့်လွှတ်ခဲ့ကြပေ။

အနာဂတ်နိုင်ငံတော် အတွက် ဤမျှော်လင့်ချက်သည် အသွင်မျိုးစုံ ဆောင်ယူခဲ့သည်။ ဥပမာ၊ ရောမအာဏာပိုင်များကို ပုန်ကန်ခြင်းဖြင့် မေရှိယ၏နေ့ရက်ကာလထဲသို့ ဣသရေလဝင်ရောက်ဖို့ ဘုရားသခင် အလိုရှိကြောင်း အမျိုးသားရေးဝါဒီ ဇေလုပ်တို့က ယုံကြည်ကြသည်။ နောက်ဆုံးကာလမျှော် အုပ်စု အမျိုးမျိုးတို့ကမူ ဘုရားသခင်သည် သဘာဝလွန်နည်းဟန်ဖြင့် ကြားဝင်ပြီး သူ့ရန်သူတို့ကို ဖျက်ဆီးကာ နိုင်ငံတော် ထူထောင်လိမ့်မည်ဟု ယုံကြည်ကြသည်။ အင်အား တောင့်တင်းသော ဖာရိရှဲနှင့် ဇဒ္ဒုကဲတို့လို ဘာသာရေး သမားများလည်း ရှိကြပြီး မောရှေတရားကို ဣသရေလတို့ ပြည့်ပြည့်ဝဝ နာခံပြီးချိန် ရောက်မှသာ ဘုရားသခင် ကြားဝင်လိမ့်မည်ဟု ယုံကြည်ကြပြန်သည်။ အဆိုပါ ဓမ္မအမြင် အဖုံဖုံတို့က တမန်တော် ဝတ္ထု၏ ဓမ္မပညာ ကျောရိုးကို ဖြည့်ဆည်း ထောက်ကူနေကြသည်။

ယုဒတို့၏ ဘုရားသခင့် နိုင်ငံတော်ဆိုင်ရာ ဓမ္မပညာသည် လုကာတို့ ကာလတလျှောက် ပျံ့နှံ့နေသော်ငြား ဘုရားသခင့် နိုင်ငံတော် ရောက်လာခြင်း အပေါ် နားလည်မှု အသွင်သစ်တစ်ခုကို ဗတ္တိဇံ ဆရာ ယောဟန် ဆောင်ယူလာခဲ့ကြောင်း လုကာ သိမှတ်ခဲ့သည်။

## ဗတ္တိဇံဆရာယောဟန်

စစ်မှန်သော နောင်တရရေး ဗတ္တိဇံဆရာ ယောဟန် ဆင့်ခေါ် ခဲ့ကြောင်း ရှင်လုကာ ခရစ်ဝင်နှင့် တမန်တော် ဝတ္ထု နှစ်အုပ်လုံးက ညွှန်ပြသည်။ ဘုရားသခင့်နိုင်ငံတော်ကို မြေကြီးပေါ်သို့ မေရှိယ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယူဆောင်လာကာနီးပြီ ဖြစ်ကြောင်း သတင်းကောင်းကိုလည်း သူဆင့်ဆိုခဲ့သည်။ ထိုမျှမက အဆိုပါ မေရှိယသည် ယေရှုဖြစ်ကြောင်း ယောဟန်က မှန်ကန်စွာ ထုတ်ဖော်ခဲ့သည်။ လုကာ ၃း၁၆-၁၇ ပါ ဗတ္တိဇံယောဟန် ပြောစကားများကို နားထောင်ကြည့်ပါ။

> ယောဟန်သည် လူအပေါင်းတို့အား ပြန်ပြောသည်ကား "ငါသည်သင်တို့အား ရေ၌ ဗတ္တိဇံကို ပေး၏။ ငါ့ထက် တတ်စွမ်းနိုင်သောသူသည် ကြွလာသေး၏။ ထိုသူ၏ ခြေနင်းတော်ကြိုးကိုမျှ ဖြည်ခြင်းငှာ ငါမထိုက်။ ထိုသူသည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်၎င်း၊ မီးနှင့်၎င်း သင်တို့ကို ဗတ္တိဇံပေးမည်။ လက်တော်တွင် စံကောပါလျက် မိမိကောက်နယ်တလင်းကို ရှင်းလင်းစေသဖြင့်၊ ဂျုံစပါးကိုကား ကျီ၌စုသိမ်းသွင်းထား၍၊ အဖျင်းကိုကား မငြိမ်းနိုင်သောမီးနှင့် ရှို့တော်မူလတံ့ဟု ပြောဆို၏ (လုကာ ၃:၁၆-၁၇)။

ကတိပြုထားသော ကောင်းချီးများ၊ တရားစီရင်ခြင်း အပါအဝင် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် သန့်ရှင်း စင်ကြယ်စေခြင်းတို့အား မေရှိယ ယူဆောင်လာမည် ဖြစ်ကြောင်း ယောဟန်က မှန်ကန်စွာ ကြေညာခဲ့သည်။ သို့သော် မေရှိယသည် ဤအမှုအရာကို တစ်ကြိမ်တည်းနှင့် အပြီး လုပ်ဆောင်လိမ့်မည်ဟု ယောဟန် အမှတ်မှားခဲ့သည်။

ကျွန်ုပ်တို့ ဖော်ပြခဲ့သလို ထိုအချိန်က ယုဒလူ အများစုသည် ရောမတို့၏ ဖိနှိပ်မှုအောက်၌ ဆင်းရဲခံနေရချိန် (ဝါ) ကျွန်ခံနေရချိန် ဖြစ်သည်။ ယောဟန်နည်းတူပင် ဆိုးညစ်မှုများကို ရုတ်ခြည်း အပြီးအပိုင် တရားစီရင်သည့်နောက် မြေကြီးပေါ်မှာ ဣသရေလ နိုင်ငံ ရုတ်ခြည်း ပြန်တည်မြဲ လာမည့်အရေး သူတို့မျှော်တွေးခဲ့ကြသည်။ မေရှိယသည် ကယ်တင်ခြင်းနှင့် လောကကို တရားစီရင်ခြင်းတို့အား အဆင့်အလိုက် ခွဲခြား လုပ်ဆောင်မည့်အကြောင်း သူတို့ ကြို မသိမြင်ခဲ့ကြပေ။ နောက်ပိုင်းတွင် မေရှိယ လုပ်ဆောင်ရန် မျှော်လင့်ထားသမျှ ယေရှု မလုပ်ဆောင်သေးသည့်အတွက် ယောဟန် အကြီးအကျယ် စိတ်ရှုပ်ထွေးလာရကား ကိုယ်တော်သည် အမှန်ပင် မေရှိယ ဟုတ်ပါရဲ့လားဟုပင် လူလွှတ်မေးခဲ့တော့သည်။ လုကာ ၇း၂၀-၂၃ ပါ လူတို့၏ မေးခွန်းနှင့် ယေရှု၏ အဖြေတို့ကို လုကာ ဖော်ပြထားပုံအား နားထောင်ကြည့်ပါ။

> ထိုသူတို့သည် အထံတော်သို့ ရောက်လျှင် ကိုယ်တော်သည် ကြွလာသောသူ မှန်သလော၊ သို့မဟုတ် အခြားသောသူကို မျှော်လင့်ရပါမည်လောဟု မေးလျှောက်စေခြင်းငှာ ဗတ္တိဇံ ဆရာ ယောဟန်သည် အကျွန်ုပ်တို့ကို ကိုယ်တော်ထံသို့ စေလွှတ်ပါပြီဟု လျှောက်ကြ၏။ ... ထိုအခါ ယေရှုက သင်တို့သည် ကြားရသမျှ၊ မြင်ရသမျှတို့ကို သွား၍ ယောဟန်အား ကြားလျှောက်ကြလော့။ မျက်စိကန်းသောသူတို့သည် မျက်စိမြင်ရကြ၏။ ခြေမစွမ်းသောသူတို့သည် လှမ်းသွားရကြ၏။ နူနာစွဲသောသူတို့သည် သန့်ရှင်းခြင်းသို့ ရောက်ရကြ၏။ နားပင်းသောသူတို့သည် နားကြားရကြ၏။ သေသောသူတို့သည် ထမြောက်ခြင်းသို့ ရောက်ရကြ၏။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဆင်းရဲသားတို့သည်လည်း ဝမ်းမြောက်စရာ သတင်းကို ကြားရကြ၏။ ငါ့ကြောင့် စိတ်မပျက်သောသူသည် မင်္ဂလာရှိ၏" (လုကာ ၇:၂၀-၂၃)။

ဗတ္တိဇံဆရာ ယောဟန်ထံသို့ ပြန်ဖြေရာတွင် ယေရှုသည် ဟေရှာယ အနာဂတ္တိကျမ်းထဲက မေရှိယဆိုင်ရာ ပရောဖက်ပြုချက်များစွာကို ရည်ညွှန်းကိုးကားခဲ့သည်။ ထိုသို့ ဖြေခြင်းမှာ ဓမ္မဟောင်း မေရှိယ မျှော်လင့်ချက်ဆိုင်ရာ ပရောဖက်ပြုချက်ရှိသမျှ ပြည့်စုံခြင်း မရှိသေးသော်ငြား ပြည့်စုံနေဆဲ ဖြစ်စဉ်ထဲမှာသာ ကိုယ်တော် ရှိနေသေးကြောင်း ယောဟန်ကို စိတ်ချမှုပေးဖို့ ဖြစ်သည်။ ဘုရားသခင့် နိုင်ငံတော်ကို ကိုယ်တော် ဆောင်ယူလာသည့် အသွင်ကြောင့် စိတ်မပျက်ဖို့ကိုလည်း ယောဟန်အား ယေရှု အားပေးခဲ့သည်။

ယုဒတို့၏ မေရှိယဆိုင်ရာ ဓမ္မပညာနှင့် ဗတ္တိဇံဆရာ ယောဟန်၏ အမြင်တို့ကို ထည့်သွင်းစဉ်းစားမှုနှင့်အတူ မေရှိယနှင့် ဘုရားသခင့် နိုင်ငံတော်ဆိုင်ရာ ကနဦး ခရစ်ယာန် ဓမ္မပညာဆီ ကျွန်ုပ်တို့ လှည့်ကြပါမည်။

## ခရစ်ယာန် ဓမ္မပညာ

ကျန်သော ဓမ္မသစ်တစ်ခုလုံးမှာလို ရှင်လုကာ၏ မေရှိယဆိုင်ရာ ခရစ်ယာန် ဓမ္မပညာသည် ဘုရားသခင့် နိုင်ငံတော်၏ "သတင်းကောင်း" သို့မဟုတ် ခရစ်ယာန် ဝမ်းမြောက်ဖွယ်သတင်းနှင့် အနီးကပ် ဆက်နွယ်နေသည်။ ဓမ္မသစ် သတင်းစကားကို ယခုလို အကျဉ်းချုပ်ပေးနိုင်ပါသည်-

> မေရှိယတည်းဟူသော ယေရှု၏ ပုဂ္ဂိုလ်သဘာဝနှင့် အမှုဆောင်မှုအားဖြင့် ဘုရားသခင့် နိုင်ငံတော်သည် မြေကြီးပေါ်သို့ ရောက်လာကြောင်း နှင့် ယေရှုကို မေရှိယအဖြစ် ကိုးစားလက်ခံသူတို့အား ဘုရားသခင်က ကယ်တင်ခြင်း ပေးကမ်းလျက် ရှိနေသည်နှင့်အမျှ ဘုရားသခင့် နိုင်ငံတော်သည်လည်း ပြီးပြည့်စုံမှုကြီးဆီသို့ ဦးတည် တိုးချဲ့ဖြန့်ကျက်နေကြောင်း ကြေညာချက်ပင် ဖြစ်သည်။

ဓမ္မသစ်ကျမ်းရေးသူ ရှိသမျှတို့ကလည်း ယေရှုသည် ခရစ်တော်တည်းဟူသော မေရှိယဖြစ်ကြောင်း သဘောညီနေကြသည်။ ယေရှု ပထမကြွလာစဉ်က ကိုယ်တော်သည် မြေကြီးပေါ်မှာ ဘုရားသခင့်နိုင်ငံတော် အပြီးသတ် ကျယ်ပြန့်မှုအတွက် အစပြု သို့မဟုတ် စတင်ခဲ့သည်။ ထိုအချိန်မှစပြီး သတင်းကောင်းကို ယုံကြည်သူတို့အား ခရစ်တော်၌ ကယ်တင်ခြင်း ပေးနေသည်နှင့်အမျှ ဘုရားသခင့် နိုင်ငံတော်ကလည်း ဆက်လက် ကျယ်ပြန့်လာခဲ့ပြီး ဖြစ်သည်။ အဆုံးစွန်အားဖြင့် ယေရှု ပြန်ကြွလာချိန် သမိုင်းကြောင်း ပြီးစီး ပိတ်သိမ်းခြင်းသည်လည်း အဆိုပါ ကျယ်ပြန့်မှုထဲ၌ ပါရှိမည် ဖြစ်သည်။

ရှင်လုကာသည် တမန်တော် ဝတ္ထုထဲ၌ သတင်းကောင်းက ဖော်ပြသော ဤရှုထောင့်များဆီ အကြိမ်ကြိမ် အာရုံစိုက်စေခဲ့သည်။ တဖက်တွင် ခရစ်တော်၌ ဘုရားသခင် ပြုတော်မူသော

ကြီးမြတ်သည့် ကယ်တင်ခြင်းအမှုတော်၏ ပကတိအမှန်တရားများအပေါ် သူ အလေးပေးခဲ့သည်။ ယေရှုသည် သူ့လူတို့၏ အပြစ်အတွက် အသေခံခဲ့ကြောင်း၊ သေသောသူတို့ထဲမှ ပြန်ရှင်ခဲ့ကြောင်း၊ ခမည်းတော်၏ လက်ျာဘက်တွင် စိုးစံနေကြောင်းနှင့် ဘုန်းတော်၌ ပြန်ကြွလာမည် ဖြစ်ကြောင်း အသင်းတော်၏ ဆင့်ဆိုချက်ကို သူ မှတ်တမ်းတင်ခဲ့သည်။ သာဓကအားဖြင့် တမန်တော် ၂း၂၂-၂၄ ပါ ပေတရု၏ ပင်တေကုတ္တေ ဒေသနာ၌ ပေတရုက

> ဣသရေလလူတို့၊ ငါ့စကားကို နားထောင်ကြလော့။ သင်တို့ သိကြသည့်အတိုင်း
> နာဇရက်မြို့သား ယေရှုသည် ထူးဆန်းသော တန်ခိုး၊ နိမိတ်လက္ခဏာ။
> အံ့ဖွယ်သော အမှုတို့ကို ................ ထိုယေရှုကို သင်တို့သည်
> ဖမ်းဆီး၍မတရားသောသူတို့လက်ဖြင့် လက်ဝါးကပ်တိုင်၌ ရိုက်၍
> ကွပ်မျက်ကြပြီ။ ထိုဝေဒနာကို ဘုရားသခင်သည် ချွတ်ပယ်၍
> ထမြောက်စေတော်မူပြီ (တမန် ၂း၂၂-၂၄)။

ရှင်ပေတရု၏ သတင်းကောင်း ဆင့်ဆိုချက်ထဲတွင် မေရှိယ သက်တော်စဉ်၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း စသည့် ဓမ္မဒိဋ္ဌာန်ကျ အချက်အလက်များ ပါရှိသည်။

သို့သော် တဖက်တွင် သတင်းကောင်းအားဖြင့် အသက်တာ ပြောင်းလဲရေးအတွက် ခရစ်တော်၏ သမ္မာတရားကို ပုဂ္ဂိုလ်ရေးအရ လက်ခံယုံကြည်ရန် အရေးကြီးပုံကိုလည်း ရှင်လုကာ အလေးပေးခဲ့သည်။ သာဓကအားဖြင့် ပေတရု၏ ပင်တေကုတ္တေဒေသနာအကြောင်း ရှင်လုကာ၏ မှတ်တမ်းထဲတွင်လည်း ဤအပြန်အလှန် ပြောင်းလဲမှုကို ထည့်သွင်းထားသည် (တမန် ၂း၃၇-၃၈)။

> ထိုသူတို့သည် ကြားရလျှင် စိတ်နှလုံး ပူပန်ခြင်း ရှိ၍ ညီအစ်ကိုတို့၊ အဘယ်သို့
> ပြုရပါမည်နည်း ဟု ... မေးမြန်းကြ၏။ ပေတရုကလည်း သင်တို့၏ အပြစ်ကို
> လွတ်စေခြင်းငှာ နောင်တရ၍ တယောက်မျှမကြွင်း၊ ယေရှုခရစ်၏ နာမ၌
> ဗတ္တိဇံကို ခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသော
> ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည် (တမန် ၂း၃၇-၃၈)။

ကြားနာသူတို့စိတ်ကို ခရစ်ယာန် သတင်းကောင်းက ထိရှသည်။ အချက်အလက်များကို သိမှတ်ရုံ သက်သက်မဟုတ်၊ ကယ်တင်ရှင်အား နှလုံးသားပါလျက် အသက်တာ ပြောင်းလဲစေသည့်တိုင်အောင် ထွေးပွေ့လက်ခံမှုပင် ဖြစ်သည်။

ပြောခဲ့ပြီးသလိုပင် ပထမရာစုနှစ် ယုဒတို့၏ ဓမ္မပညာအရ မေရှိယသည် လောကီနိုင်ငံတော်ကို တကြိမ်တည်းနှင့် အပြီးအပြတ် ထူထောင်လိမ့်မည်ဟု ယုံကြည်ထားသည်။ သို့သော် မေရှိယ နိုင်ငံတော်သည် အသင်းတော် ကျယ်ပြန့်ပြောလာမှုနှင့် လူတို့၏ တစ်ကိုယ်ရည် အသက်တာ ပြောင်းလဲမှုများအားဖြင့် တရွေ့ရွေ့ ကြီးထွားကြောင်း ယေရှုနှင့် သူ့တမန်တော်များက သွန်သင်ခဲ့ကြသည်။ ဤအရာသည် သတင်းကောင်း ဆင့်ဆိုခြင်းအားဖြင့် မယုံကြည်သူများစွာ ပြောင်းလဲလာမှုအပေါ် ရှင်လုကာ အလွန်အမင်း အာရုံ စူးစိုက်ရသည့် အကြောင်း တစ်ခုပင် ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤအရာသည် ကမ္ဘာတလွှား ဘုရားသခင့် မေရှိယနိုင်ငံတော် ကျယ်ပြန့်လာရေးအတွက် တစ်ခုတည်းသော နည်းလမ်း ဖြစ်ကြောင်း သူသိရှိသည်။

ဘုရားသခင့် နိုင်ငံတော်အကြောင်း ရက်ပေါင်းလေးဆယ်မျှ ကြာသည်အထိ တပည့်တော်များကို ယေရှုသွန်သင်နေခဲ့သည် ဆိုသည်နှင့် တမန်တော်ဝတ္ထုကို စဖွင့်သည်။ အခန်းငယ် ၆ တွင် ကိုယ်တော်အား "ယခုအခါ ကိုယ်တော်သည် ဣသရေလအမျိုးသားတို့အား နိုင်ငံကို ပြန်ပေးတော်မူမည်လော" ဟု သူတို့ ယခုလို မေးခွန်းထုတ်ကြသည်။ စိတ်ဝင်စားဖွယ် ဤမေးခွန်း၌ အကြောင်းအရာများ တနင့်တပိုး ရှိနေသည်။ အကြောင်းမှာ မေရှိယ ကြွလာချိန်တွင် ဘုရားသခင်သည် လူ့သမိုင်းကြောင်းအတွင်း ကြွဆင်းပြီး နိုင်ငံတော်ကို တခါတည်းနှင့် ပေါ်ပေါက်စေမည်၊ သခင်ဘုရား၏ နေ့ရက်နှင့် တရားစီရင်ရာနေ့ရက်တို့ ရောက်လာမည် စသည့် အများသူငါ မျှော်လင့်ချက်က နောက်ကွယ်မှာ ရှိနေ၍ ဖြစ်သည်။ ဘုရားသခင့်လူတို့ကို ဖိနှိပ်သူ မည်သူမဆိုနှင့် ရောမလူတို့အား အောင်မြင်ကြမည်၊ သူတို့အား ပစ်လွှင့်လိုက်ကြမည်၊ ဘုရားသခင်သည် ကိုယ်တော်၏ ရှင်ဘုရင်ကို ယေရုရှလင်တွင် နန်းတင်ပြီး နိုင်ငံတော်ကိုလည်း မြေကြီးပေါ်မှာ ထူထောင်မည် စသည်ဖြင့် ဖြစ်သည်။ သို့သော် ခရစ်ဝင်ကျမ်းများထဲတွင်မူ ယေရှုနှင့် ပတ်သက်ပြီး အံ့သြဖွယ်ရာ တစ်ခု ဖြစ်ပျက်ခဲ့သည်။ သူနှင့်အတူ နိုင်ငံတော် မည်သို့ ရောက်လာပြီဖြစ်ကြောင်း၊ သို့သော် ဤနေရာတွင် အပြည့်အဝ မထင်ရှားသေးကြောင်း၊ နိုင်ငံတော်ကို ဖြန့်ကျက်ဖို့ ရှိသေးကြောင်း၊ သာသနာပြု နေစဉ်အတွင်း သခင်ဘုရား၏ နေ့ရက် ရှည်ကြာနေဦးမှာ ဖြစ်ကြောင်း၊ ကိုယ်တော်သည် သူ့လူများ၊ မေရှိယ ယုံကြည်သူများ၊ မေရှိယ ယုံကြည်သူ လူ့အဖွဲ့အစည်းတို့ကို အသုံးပြုပြီး "သင်တို့သည်လည်း ငါ၏ သက်သေ ဖြစ်ကြလိမ့်မည်" ဆိုသည့်အတိုင်း ရောက်လာမည့် ဘုရားသခင့် နိုင်ငံတော် သတင်းကောင်းကို ဖြန့်ကျက်ရဦးမှာ ဖြစ်ကြောင်း ကိုယ်တော် စ ရှင်းပြခြင်းပင် ဖြစ်သည်။ ထို့ကြောင့် မေးခွန်းကို ယခုလို "ခမည်းတော်၏ တန်ခိုးအားဖြင့် စီရင်တော်မူသော အချိန်ကာလကို သိရသောအခွင့်သည် သင်တို့၌ မရှိ။ ထိုသို့ မရှိသော်လည်း သင်တို့အပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကို ခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏ သက်သေ ဖြစ်ကြလိမ့်မည်" ကိုယ်တော်ဖြေဆိုခဲ့သည်။ ထို့နောက်တွင်မူ အဆိုပါမေးခွန်း အတွက် ယေရှုပေးခဲ့သော အဖြေအား ခရစ်ဝင်ကျမ်းလာ ပုံဥပမာများထဲက နိုင်ငံတော် ရောက်လာခြင်း အကြောင်း ကိုယ်တော် မိန့်ဆိုခဲ့ပြီးသမျှနှင့် ညီညွတ်စွာ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တမန်တော် ဝတ္ထုဇာတ်ကြောင်းက အတည်ပြုသည်။ ၎င်းသည် မျိုးစေ့ တစေ့နှင့် တူသည်။ အပင် ပေါက်၊ ရှင်သန်လိမ့်မည် ဖြစ်သည်။

**Dr. Gregory R. Perry**

ဓမ္မဟောင်းကျမ်းနှင့် ရောက်လာမည့် ဘုရားသခင့် နိုင်ငံတော်ကို အခြေခံထားသော တမန်တော် ဝတ္ထု ဓမ္မပညာနောက်ခံကို ကျွန်ုပ်တို့ လေ့လာပြီးကြပြီ ဖြစ်သည်။ ယခုတွင် ရှင်လုကာ ခရစ်ဝင်ကျမ်းက တမန်တော်ဝတ္ထုအတွက် မည်သို့အုတ်မြစ်ချပေးခဲ့ကြောင်း စဉ်းစားကြပါမည်။

## ရှင်လုကာခရစ်ဝင်ကျမ်း

ရှင်လုကာခရစ်ဝင်သည် ယေရှုသက်တော်စဉ်၊ ယေရှု၏ ပြမှုဆောင်ရွက်ချက်များနှင့် အစပြုပြီး အသင်းတော်အားဖြင့် ခရီးဆက်သည်။ တမန်တော်ဝတ္ထုထဲ၌ ယေရှု၏ လုပ်ငန်းများသည် အသင်းတော်အားဖြင့် ခရီးဆက်သည်။ ဤကျမ်းနှစ်စောင်ကို သင်ဖတ်ရှုလျှင် ယေရှုဖွားသန့်ချိန်မှ ပေါလု ရောမ ထောင်ကျချိန်ထိ ဇတ်လမ်းကောင်းတစ်ပုဒ် ပြန်ပြောပြသည်ကို နားထောင်ရသည့်နှယ် ဖြစ်ပြီး တူညီသော အချိတ်အဆက်များ ပါရှိသည့် ဇာတ်လမ်းလှလှ တစ်ခုအဖြစ် ပေါ်ထွက်လာသည်။

**Rev. Joseph Kamau Kabui**

တမန်တော် ဝတ္ထုကို ဖတ်သည့်အခါ သော်ဖိလုကို လုကာရေးသည့် နှစ်အုပ်တွဲမှ ဒုတိယအုပ်ဖြစ်ကြောင်း ကျွန်ုပ်တို့ အမြဲစွဲနေရပါမည်။ အဆိုပါနှစ်အုပ်ကို အတူယှဉ်ဖတ်ဖို့ ရှင်လုကာက အစဉ်အမြဲ ရည်ရွယ်ခဲ့သည်။ ဇာတ်လမ်း ပထမပိုင်းသည် ခရစ်တော်၏ ဝမ်းမြောက်ဖွယ် သတင်းကောင်း ဖြစ်၍ ဒုတိယပိုင်းသည် တမန်တော် ဝတ္ထု ဖြစ်သည်။ ထို့ကြောင့် တမန်တော်ဝတ္ထုကို အမှန်အကန် ဖတ်မည်ဆိုလျှင် ရှင်လုကာ ခရစ်ဝင်ထဲ စခဲ့သော ဇာတ်ကြောင်းအား မည်သို့ ခရီးဆက်သွားစေခဲ့ကြောင်း နားလည်ရန် လိုသည်။

တမန်တော် သတင်းစကားကို နားလည်စေမည့် နည်းလမ်းများစွာအား ရှင်လုကာ ခရစ်ဝင်ကျမ်းက ပြင်ဆင်ပေးထားသည်။ သို့သော် ကျွန်ုပ်တို့ ရည်ရွယ်ချက်အရ စာအုပ်နှစ်အုပ်လုံးကို ခြုံမိသည့် ဘုရားသခင့် နိုင်ငံတော် အာဘော်အပေါ်မှာ ကျွန်ုပ်တို့ စူးစိုက်ကြပါမည်။ ရှင်လုကာ ခရစ်ဝင်ထဲတွင် ဘုရားသခင့် နိုင်ငံတော်၏ သွင်ပြင်နှင့် ပန်းတိုင်တို့ကို ယေရှု ချမှတ်ပေးထားပြီး သူ့တမန်တော်များကိုလည်း သူကောင်းကင်တက်ကြွပြီးနောက် လုပ်ငန်းဆက်လုပ်နိုင်ဖို့ ပြင်ဆင်ပေးထားသည်။ တမန်တော် ဝတ္ထုထဲတွင် ယေရှုသည် တမန်တော်များအား ဝိညာဉ်တော်၏

မစမှု၌ သတင်းကောင်းအားဖြင့် နိုင်ငံတော် တိုးချဲ့ဖြန့်ကျက်ရေး တာဝန်ပေး ထားရစ်ကာ ကောင်းကင်သို့ တက်ကြွသွားခဲ့သည်။

တမန်တော် ဝတ္ထုအတွင်း တမန်တော်များ၏ နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းအတွက် ရှင်လုကာခရစ်ဝင်ကျမ်းက ပြင်ဆင်ပေးပုံ နည်းလမ်း နှစ်ဖြာကို ကျွန်ုပ်တို့ စဉ်းစားကြပါမည်။ ပထမအားဖြင့် နိုင်ငံတော် ဆောင်ကြဉ်းလာသူ ယေရှုကို ကြည့်ကြပါမည်။ ထို့နောက် ဒုတိယအားဖြင့် ကောင်းကင်သို့ ယေရှု တက်ကြွပြီးသည့်နောက် နိုင်ငံတော်ကို ဆက်လက်ဖြစ်တည်စေရာ၌ တမန်တော်များ၏ အခန်းကဏ္ဍကို လေ့လာကြပါမည်။ ယေရှု နှင့် အစပြုကြပါစို့။

## ယေရှု

သူ၏ ခရစ်ဝင်ကျမ်းတလျှောက်လုံးတွင် လုကာသည် ယေရှုအား ရောက်လာတော့မည့် ဘုရားသခင့် နိုင်ငံတော်အကြောင်း ဆင့်ဆိုသည့် ပရောဖက်အဖြစ်သာမက ပလ္လင်ထက်စိုးစံခြင်းဖြင့် နိုင်ငံတော်ကို တန်ခိုးအာနုဘော်ထဲသို့ ခေါ်သွင်းသည့် ရှင်ဘုရင် အနေဖြင့်ပါ သရုပ်ဖော်ထားသည်။ နေရာများစွာတွင် ယေရှု ကိုယ်၌က အဆိုပါ အာဘော်နှစ်ခုလုံးကို ပြောဆိုထားသည်။ သို့သော် သူ၏ လူထုသာသနာအတွင်း သူရည်ညွှန်း ဖော်ပြခဲ့သည့် အချိန်အခါ နှစ်ခုကိုသာ ကျွန်ုပ်တို့ စဉ်းစားကြပါမည်။ ပထမဦးစွာ လုကာ ၄း၄၃ တွင် ပရောဖက်ဖြစ်ပုံကို ယေရှုပြောခဲ့သည်။ ရှင်ပေါလုက

> ဘုရားသခင်၏ နိုင်ငံတော်နှင့် ယှဉ်သော ဧဝံဂေလိတရားကို အခြားသော မြို့ရွာတို့၌ ငါဟောပြောရမည်။ ထိုသို့ အလို့ငှာ ငါ့ကို စေလွှတ်လျက် ရှိသည် ဟု မိန့်တော်မူသည် (လုကာ ၄း၄၃)။

ဤနေရာတွင် "ဘုရားသခင်၏ နိုင်ငံတော်နှင့် ယှဉ်သော ဧဝံဂေလိတရားကို ဟောပြောရန်" ကမ္ဘာမြေသို့ သူကြွလာခဲ့ကြောင်း ရှင်းရှင်း ပြောခဲ့သည်။

ဒုတိယအားဖြင့် လူထု သာသနာ ပြီးဆုံးချိန်၊ ယေရုရှလင်မြို့ထဲသို့ အောင်မြင်စွာ ဝင်ရောက်ကာနီးဆဲဆဲ၌ ငွေအခွက် တဆယ် ပုံဥပမာဖြင့် သူ၏ ရှင်ဘုရင် အုပ်စိုးမှုကို ရည်ညွှန်းခဲ့သည်။ လုကာ ၁၉း၁၁-၁၂ ၌ ထိုပုံဥပမာ စတင်ပုံကို နားထောင်ကြည့်ပါ။

> ထိုအခါ ယေရုရှလင်မြို့အနီးသို့ ရောက်တော်မူ၍ ဘုရားသခင့်နိုင်ငံတော်သည် ချက်ခြင်းပေါ်ထွန်းမည်ဟု လူများ ထင်မှတ်သောကြောင့် ပရိသတ်အလယ်၌ ထပ်၍ မိန့်တော်မူသော ဥပမာကား "အမတ်တယောက်သည် မင်းကြီးအရာကို ခံလို၍ မိမိပြည်သို့ ပြန်လာမည်ဟု အကြံရှိလျက် ဝေးသောပြည်သို့ သွား၏" (လုကာ ၁၉း၁၁-၁၂)။

အစောပိုင်း တွေ့ခဲ့သလို ယေရှုကာလ ယုဒလူ အများစုက ဘုရားသခင့်နိုင်ငံတော်ဟူသည် ရှိရှိသမျှ ကျက်သရေ လက္ခဏာ ပြည့်စုံစွာဖြင့် ရုတ်ခြည်းပေါ်ထွန်းလာမည်ဟု ယုံကြည်နေခဲ့ကြသည်။ ငွေ အခွက် တဆယ် ပုံဥပမာတွင် နိုင်ငံတော်အား တဖြည်းဖြည်းနှင့် အဆင့်အလိုက်ခဲ့ကာ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဆောင်ယူမည့်အကြောင်း ယေရှု သွန်သင်ထား၏။ ဤပုံဥပမာကို ကိုယ်တော်ပြောစဉ် ရှင်ဘုရင်အဖြစ် ကိုယ်တော်ကို ကြိုဆိုကြမည့် ယေရုရှလင်မြို့တွင်း ဝင်ရောက်တော့မည်ဆဲဆဲ ဖြစ်၏။ သို့သော် ဤအချိန်ကာလ ကမ္ဘာမြေကို အုပ်စိုးရန် မိမိကိုယ်ကိုယ်မိမိ ခန့်အပ်ကြောင်း လူတို့ အထင် မရောက်စေလိုပေ။ ထိုအစား နိုင်ငံတော် စတင်ပြီးပြီဖြစ်၍ ရှင်ဘုရင် ဘိသိက်ခံယူရန် အဝေးသို့ ကာလကြာရှည် သူသွားရန် ရှိနေကြောင်း သွန်သင်ခဲ့သည်။ ထို့နောက် နောင်တနေ့ ကမ္ဘာမြေကို အုပ်စိုးရန် သူပြန်ကြွလာမည် ဖြစ်သည်။

ဤသွန်သင်ချက်နှင့် အညီ ယေရှုသည် ချည်နှောင်ခြင်းခံရပြီးနောက် ယေရုရှလင်တွင် ကားတိုင်တင်ခံရသည်။ ထို့နောက် သေသောသူတို့ထဲက ကိုယ်တော် ထမြောက်၍ ကောင်းကင်သို့ ကြွတက်သည်။ ဤနေရာတွင် ခမည်းတော်ပေးသော ရှင်ဘုရင်အရာကို သူလက်ခံ ရရှိသည်။ သို့သော် သူ့နိုင်ငံတော်ကို အပြီးသတ်ထင်ရှားဖို့ သူပြန်ကြွလာရဦးမည် ဖြစ်သည်။

ယေရှုသည် နိုင်ငံတော်ကို ဆောင်ကြဉ်းလာသူဖြစ်ကြောင်း ရှင်လုကာခရစ်ဝင်ကျမ်းက ထူထောင်ပေးပုံကို နားလည်သည့်နောက် နိုင်ငံတော်ကို ကောင်းကျိုးပြုသည့် တမန်တော်များ၏ အခန်းကဏ္ဍကို ကြည့်ကြပါစို့။

## တမန်တော်များ

ရှင်လုကာ ခရစ်ဝင်အရ ယေရှု ကားတိုင်မတက်မီညတွင် တမန်တော်များအား နိုင်ငံတော် ဖြစ်တည်ရေး သူ့လုပ်ငန်းကို ဆက်လုပ်ကြဖို့ သြဝါဒပေးခဲ့သည်။ လုကာ ၂၂:၂၉-၃၀ တွင် သူတို့ကို ကိုယ်တော်မှာကြားသည့် စကားများအား နားထောင်ကြည့်ပါ-

> ငါ့ခမည်းတော်သည် ငါ့အား နိုင်ငံကို ပေးတော်မူသည်နှင့် အညီ သင်တို့သည်
> ငါ၏ နိုင်ငံတွင် ငါ့စားပွဲ၌ စားသောက်သော အခွင့်ကိုရှင်း၊
> တရားပလ္လင်ပေါ်မှာထိုင်၍ ဣသရေလလူ တဆယ်နှစ်မျိုးကို အုပ်စိုးရသော
> အခွင့်ကိုရှင်း ငါသည် သင်တို့အား ပေးမည် (လုကာ ၂၂:၂၉-၃၀)။

ယေရှုသည် သူ့နိုင်ငံတော်၌ တမန်တော်များအား ခေါင်းဆောင်များ၊ တရားသူကြီးများ အဖြစ်ဖြင့် ခန့်အပ်ထားခဲ့သည်။ သူတို့၏ အလုပ်မှာ သန့်ရှင်းသော ဝိညာဉ်တော်ကို အမှီပြု၍ ကိုယ်တော်ချန်ထားရစ်သည့်နေရာမှ ခရီးဆက်ကာ နိုင်ငံတော် သတင်းကောင်း ဆင့်ဆိုရေးနှင့် နိုင်ငံတော်ကို တိုးချဲ့ဖြန့်ကျက်ကာ လောကကမ္ဘာကို ဖြည့်ရေး ဖြစ်သည်။

ကျွန်ုပ်တို့ မြင်နိုင်သလိုပင် ယေရှု၏ ပင်ကိုယ်မူလ အမှုတော်သည် နိုင်ငံတော်ကို အစပြုရေး ဖြစ်ကြောင်း ရှင်လုကာ ခရစ်ဝင်က အုတ်မြစ်ချပေးသည်။ ကောင်းကင်သို့ တက်ကြွပြီးသည့်နောက် ဤအလုပ်ကို ဆက်လုပ်ကြဖို့ တမန်တော်များကို ကိုယ်တော် တာဝန်အပ်နှင်းခဲ့သည်။ ပရိသတ်ထံ ဤစေခိုင်းချက်ကြီးအကြောင်း ရှင်လုကာ၏ ပြန်ပြောင်း သတိပေးခြင်းနှင့် အတူ တမန်တော် ဝတ္ထု အစပြုသည်။ သေသောသူတို့ထဲက ယေရှု ထမြောက်ပြီးသည့်နောက် ကောင်းကင် မတက်ကြွသေးမီအတွင်း ကိုယ်တော်သည် တပည့်တော်များနှင့်အတူ ရက်ပေါင်း လေးဆယ်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သွားလာနေထိုင်ရင်း ဘုရားသခင့် နိုင်ငံတော်အကြောင်း သွန်သင်နေခဲ့သည်။ တမန်တော် ၁း၃-၈ အတွင်း လုကာဖော်ပြချက်ကို နားထောင်ကြည့်ပါ-

> အသေခံတော်မူပြီးလျှင် တမန်တော်တို့အား အရက်လေးဆယ်ပတ်လုံး ကိုယ်ကို ပြ၍ ဘုရားသခင်နိုင်ငံတော်နှင့် စပ်ဆိုင်သော အရာတို့ကို မိန့်မြွက်တော်မူလျက် မိမိအသက်ရှင်သည့်အကြောင်းကို ခိုင်ခံ့သော သက်သေအများအားဖြင့် ပြတော်မူ၏။ ထိုတမန်တော်တို့ကို စုဝေးစေတော်မူပြီးလျှင် ယေရုရှလင်မြို့မှ မထွက်မသွားဘဲ ခမည်းတော်၏ ကတိကို ငံ့လင့်နေမည် အကြောင်း မှာတော်မူ၍ ......... သင်တို့သည် မကြာမမြင့်မီ သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံကို ခံရကြလိမ့်မည်ဟု မိန့်တော်မူ၏။ ထိုတမန်တော်တို့သည်လည်း စုဝေး၍ ယခုအခါ ကိုယ်တော်သည် ဣသရေလ အမျိုးသားတို့အား နိုင်ငံကို ပြန်ပေးတော်မူမည်လောဟု မေးလျှောက်ကြလျှင်၊ သခင်ဘုရားက "ခမည်းတော်၏ တန်ခိုးအားဖြင့် စီရင်တော်မူသော အချိန်ကာလကို သိရသောအခွင့်သည် သင်တို့၌ မရှိ၊ ထိုသို့ မရှိသော်လည်း သင်တို့အပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကို ခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏ သက်သေ ဖြစ်ကြလိမ့်မည်" ဟု မိန့်တော်မူ၏။

တဖန် နိုင်ငံတော် ရုတ်ခြည်း ပြည့်စုံပေါ်ထွန်းလာမည့်အရေး မရှာကြံကြရန် သူ့နောက်လိုက်သူတို့အား ယေရှု တိုက်တွန်းခဲ့သည်။ ထိုအစား ကမ္ဘာတလွှား သတင်းကောင်း ဆင့်ဆိုရေးအတွက် သူ့အမှုတော်ကို တမန်တော်များ တာဝန်ယူလုပ်ဆောင်မည်အကြောင်း အတည်ပြုပေးခဲ့သည်။ သူတို့လုပ်ဆောင်ခဲ့သည်မှာလည်း ဤအရာပင် ဖြစ်သည်။

မြေကြီးပေါ်က ဘုရားသခင့် နိုင်ငံတော်အား အခြေခံကျကျ မျက်မြင်ထင်ရှား ပြသည့်အနေနှင့် တမန်တော်တို့က အသင်းတော်ကို တည်ဆောက်ခဲ့ကြောင်း တမန်တော် ဝတ္ထုတွင် တွေ့ရသည်။ နယ်မြေဒေသသစ်များသို့လည်းနိုင်ငံတော် သတင်းကောင်းကို သူတို့ ယူဆောင်လာသည်။ ယေရုရှလင်မြို့မှသည် ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ကျယ်ပြန့်လာစေခဲ့သည်။ စာစောင်အပြီးတွင် တမန်တော်ပေါလုက ရောမမြို့၌ နိုင်ငံတော် သတင်းကောင်း ဆင့်ဆိုနေခဲ့သည်။ ၂၈း၃၀-၃၁ တွင် လုကာ အဆုံးသတ်ထားပုံကို နားထောင်ကြည့်ပါ။

> ထိုနောက်မှ ပေါလုသည် နှစ်နှစ်ပတ်လုံး မိမိငှါးသောအိမ်၌နေသဖြင့်၊ မိမိထံသို့လာသော သူအပေါင်းတို့ကို ဧည့်ခံ၍၊ အဘယ်သူမျှ မမြစ်တားဘဲ၊ ဘုရားသခင်၏ နိုင်ငံတော် အကြောင်းကိုအတည့်အလင်း ဟောပြော၍၊ သခင်ယေရှုခရစ်၏အကြောင်းများကို သွန်သင် ပြသလျက်နေ၏ (တမန်တော်ဝတ္ထု ၂၈:၃၀-၃၁)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤနေရာတွင် ပေါလု ဝမ်းမြောက်ဖွယ်သတင်းစကား ဟောသည်ဟု အလွယ်တကူ မပြောဘဲ ပေါလု "ဘုရားသခင့်နိုင်ငံတော် အကြောင်း" ဟောသည်ဟုသာ လုကာ ဆိုခဲ့သည်။

၁ကောဝ၅း၂၅ လို ကျမ်းချက်များအရ ပေါလု၏ နိုင်ငံတော်အကြောင်း ဆင့်ဆိုချက်မှာလည်း "ရန်သူအပေါင်းတို့ကို ခြေတော်အောက်၌ ချထားတော်မမူမီတိုင်အောင် အုပ်စိုး" တော်မူရမည့် ဘိသိက်ခံ၊ မေရှိယ၊ ရှင်ဘုရင် ဖြစ်သည့် ယေရှု၏ အမှုကဏ္ဍ ပါဝင်နေခဲ့သည်။ ထို့ပြင် ပေါလုကလည်း ပထမရာစုနှစ်အတွင်း ယေရှုကို ဆန့်ကျင်သော အင်ပါယာဆိုးကြီး၏ မြို့တော်ချက်မ ရောမမြို့ကြီး၌ "အဘယ်သူမျှ မမြစ်တားဘဲ ဘုရားသခင်၏ နိုင်ငံတော်အကြောင်းကို အတိအလင်း" သွန်သင်ခဲ့သည်။ ထို့ကြောင့် တမန်တော်ဝတ္ထုသည် အစပြုခဲ့သည့်ပုံအတိုင်း အဆုံးသတ်သည်။ မြေကြီးပေါ်က ဘုရားနိုင်ငံတော်ကို သူတို့၏ သတင်းကောင်း ဆင့်ဆိုချက်အားဖြင့် ကျယ်ပြောစေသူများအဖြစ် တမန်တော်တို့၏ ကဏ္ဍကို အလေးပေးခဲ့သည်။

တမန်တော် ဝတ္ထုကို ကျွန်ုပ်တို့ လေ့လာရာ၌ ပထမရာစုနှစ်အတွင်းက လူပုဂ္ဂိုလ်များ၊ အုပ်စုများ၏ တစ်ကိုယ်ရည် အတွေ့အကြုံ သမိုင်းကြောင်း အဆင့်မျှလောက်ထိ မလျော့ပေါ့ မနှိမ့်ချမိဖို့ သတိထားရပါမည်။ ထိုအစား လုကာသည် ဓမ္မဟောင်းထဲက ဘုရားသခင့် နိုင်ငံတော်ဆိုင်ရာ ကတိတော်များကို နားလည်မှုအရရင်း၊ ဘုရားသခင့်နိုင်ငံတော်အကြောင်း ပထမရာစုနှစ် ခရစ်ယာန် ယုံကြည်ချက်များအရရင်း ရေးသားခဲ့ခြင်း ဖြစ်သည်။ တမန်တော် ဝတ္ထုသည် ရှင်လုကာ ခရစ်ဝင်၏ နောက်လိုက်ဖြစ်ကြောင်းကိုလည်း ကျွန်ုပ်တို့ သိရပါမည်။ ခရစ်တော်၏ အမှုတော်က စတင်ခဲ့သော ဘုရားသခင့်နိုင်ငံတော် ကျယ်ပြန့်လာမှုသည် ကိုယ်တော် ကောင်းကင်သို့ တက်ကြွခဲ့ပြီးနောက် တမန်တော်များနှင့် ပရောဖက်များအထဲ သန့်ရှင်းသော ဝိညာဉ်တော် အမှုဆောင်ခြင်းအားဖြင့် မည်သို့ ကျယ်ပြန့်လာသည်ကို ဤစာအုပ်က ရှင်းပြသည်။ ဘုန်းတော်၌ ကိုယ်တော်ပြန်ကြွလာချိန် ပြီးပြည့်စုံခြင်းသို့ မရောက်မီ သူ့နိုင်ငံတော်အား ယေရှု ကောင်းကျိုးပြုဖို့ ကျွန်ုပ်တို့ မျှော်လင့်ထားနိုင်ကြသည်။

တမန်တော် ဝတ္ထုသည် ခရစ်တော်၏ အစေခံများ အဖြစ် ကျွန်ုပ်တို့၏ မျှော်လင့်ရမည့် အရာများနှင့် လုပ်ဆောင်ရန် တာဝန်တို့ကို ပြောပြသည်။ ထို့ပြင် ကမ္ဘာမြေတလွှား နိုင်ငံတော်၏ ဝမ်းမြောက်ဖွယ် သတင်းကောင်းကို ကျွန်ုပ်တို့ ဆက်လက် ဆင့်ဆိုနေသည်နှင့်အမျှ ဤစာအုပ်သည် ခရစ်တော် နောက်လိုက်သူတို့၏ မျိုးဆက်တိုင်းအား သတိပေးခြင်း၊ အားပေးတိုက်တွန်းခြင်း၊ လမ်းပြပဲ့ပြင်ခြင်းတို့ကို ပြုပေးနေပေသည်။

# နိဂုံး

ဤသင်ခန်းစာထဲတွင် တမန်တော်ဝတ္ထု ရေးသူအကြောင်း လေ့လာ၍ သမိုင်းနောက်ခံကို ဖော်ပြကာ ဓမ္မပညာနောက်ခံကိုပါ ဖော်ထုတ်ခဲ့ပြီး ဖြစ်သည်။ တမန်တော်ဝတ္ထုကို



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့လေ့လာသည့်အခါ အဆိုပါတို့ကို အသေးစိတ် ထည့်စဉ်းစားခြင်းသည် ၎င်း၏ မူလ အဓိပ္ပာယ်ကို တွေ့လွယ်စေမည် ဖြစ်ပြီး ကျွန်ုပ်တို့၏ လက်တွေ့ဘဝတွင်လည်း လျောက်ပတ်စွာ အသုံးပြုလွယ်စေမည် ဖြစ်သည်။

ဤစာစဉ်များထဲ ခရီးဆက်ရင်း တမန်တော် နောက်ခံသမိုင်းသည် ဤအံ့ဖွယ်စာအုပ်အကြောင်း ရှုထောင့်စုံမှ မည်သို့ ပြောပြကြောင်း ကျွန်ုပ်တို့ လေ့လာကြပါမည်။ လုကာကို တိုက်တွန်း ရေးသားစေသော ကနဦးအသင်းတော် မှတ်တမ်းသည် သော်ဖိလုနှင့် ကနဦးအသင်းတော်တို့အား ခရစ်တော်ကို သစ္စာရှိစွာ အစေခံသူများ အဖြစ်သို့ မည်သို့ ပို့ပေးခဲ့ကြောင်း ကျွန်ုပ်တို့ ရှာကြည့်ကြပါမည်။ ထို့နောက် ကျွန်ုပ်တို့၏ မျက်မှောက်ကမ္ဘာသို့ နိုင်ငံတော် သတင်းကောင်းအား ကျွန်ုပ်တို့ ဆက်လက် ဆင့်ဆိုသည်နှင့်အမျှ ယနေ့ အသင်းတော်အတွက် မရှိမဖြစ်သည့် လမ်းပြမှုကို တမန်တော် ဝတ္ထုက ပေးအပ်ကြောင်း ကျွန်ုပ်တို့ လေ့လာကြပါမည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။